မြဝတီ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

လောကကို ထွန်းလင်းတောက်ပ

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်၊ တနင်္ဂနွေနေ့။ Sunday, 23 March 2025 ၁၁၇၇၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

လူတိုင်းကျန်းမာသန်စွမ်းစေရေး သန့်ရှင်းဘေးကင်းသည့်ရေရရှိရန် အစဉ်လိုအပ်

မိမိတို့၏ လက်ရှိနှင့် အနာဂတ် မျိုးဆက်သစ်များအတွက် နိုင်ငံ၏ရေအရင်းအမြစ်များ ရေရှည်တည်တံ့ပြီး စနစ်တကျ မျှမျှတတ အကျိုးရှိစွာ ရေရှည်အသုံးပြုသွားနိုင်ရေး ရေဆိုင်ရာစီမံခန့်ခွဲမှုကဏ္ဍများတွင် ပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်

နေပြည်တော် မတ် ၂၂

ကမ္ဘာ့ရေနေ့ ၂၀၂၅ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ကျင်းပပြုလုပ်ရာ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘာ့ရေနေ့ ၂၀၂၅ အထိမ်းအမှတ် ဓာတ်ပုံပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။





၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိက လုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွဲ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေး ရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီ ဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလ ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

စိန်ခေါ်မှုကိုအခွင့်အလမ်းအဖြစ်အသုံးချ ကောင်းမွန်သည့်အနာဂတ်ကိုပုံဖော်

ကမ္ဘာပေါ်ရှိနိုင်ငံများအနေဖြင့် အစောပိုင်းရာစုကာလများ၌ ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်အခွင့်အလမ်းများနှင့် လွတ်လပ်စွာနေထိုင်လာကြရာမှ အေဒီ ၁၇ ရာစုခန့်က ပေါ်ပေါက်ခဲ့သော ကိုလိုနီနယ်ချဲ့စနစ်ကြောင့် နိုင်ငံအများစုမှာ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ဆုံးရှုံးခဲ့ကြရသည်။ အမှန်တကယ်တွင် ကိုလိုနီစနစ် သို့မဟုတ် အင်အားနည်းသည့် နိုင်ငံများကို ကျူးကျော်နယ်ချဲ့သည့်စနစ်သည် ဥရောပတွင် ၁၅၀၀ ပြည့်နှစ်ကတည်းကစတင်ခဲ့ပြီး ၁၇၆၀ ပြည့်နှစ်တွင် ပေါ်ပေါက်သည့် စက်မှုတော်လှန်ရေးအပြီးတွင် ပိုမိုအားကောင်းလာခဲ့သည်။

၁၉ ရာစုတွင် နိုင်ငံငယ်များမှာ ကိုလိုနီလက်အောက်သို့ကျရောက်ကြပြီး ၂၀ ရာစုစစ်အေးကာလတွင် ကမ္ဘာ့အင်အားကြီး နိုင်ငံကြီးနှစ်နိုင်ငံ အားပြိုင်ခဲ့ကြသည်။ အင်အားကြီး ဆိုဗီယက်ပြည်ထောင်စုပြိုကွဲပြီးသောအခါ ပြိုင်ဘက်ကင်းတစ်နိုင်ငံတည်းဖြင့် ဧကဝင်ရိုးကမ္ဘာဖြစ်ပေါ်လာသည်။ အင်အားကြီးနိုင်ငံက အင်အားငယ်သော နိုင်ငံများအပေါ် လွှမ်းမိုးခြယ်လှယ်မှု ဆယ်စုနှစ်သုံးခု ကြာခဲ့ပြီးနောက် မကြာသေးမီကာလက အင်အားချိန်ခွင်လျှာမျှသည့် ဗဟုဝင်ရိုးကမ္ဘာသစ် ပေါ်ပေါက်လာခဲ့သည်။ ဗဟုဝင်ရိုးကမ္ဘာသည် အမေရိကန်နှင့် ဥရောပနိုင်ငံများနည်းတူ တရုတ်၊ အိန္ဒိယ၊ ရုရှား ကမ္ဘာ့အထိုင်သစ်ဝင်ရိုးအဖြစ် ၂၀၂၅ ခုနှစ်ဆန်းတွင် ပေါ်ပေါက်လာခဲ့သည်။

ပြီးခဲ့သည့်နှစ်ကာလများက ကမ္ဘာ့အထိုင်သည် တစ်ဖက်စောင်းနင်းအခြေအနေများနှင့် စိတ်မချမ်းမြေ့ဖွယ်ရာများကြုံတွေ့ခဲ့ရသည်။ ယခုအခါ ယခင်ကလို တစ်ဖက်စောင်းနင်းအခြေအနေမျိုးမဟုတ်တော့ဘဲ ဟန်ချက်ညီသည့် အလားအလာကောင်းများကို တွေ့မြင်နေရပြီဖြစ်သည်။ ယင်းသို့ ကမ္ဘာ့ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေး ပြောင်းလဲဖြစ်ပေါ်လာချိန်တွင် ပြန်ကြားရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့က “၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲ”ကို နေပြည်တော်၌ ကျင်းပနိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ ကောင်းမွန်သောအနာဂတ်ကို ပုံဖော်နိုင်ရန်အတွက် အခွင့်အလမ်းတစ်ခုပင်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲ၏ ထူးခြားချက်မှာ ဗဟုဝင်ရိုးကမ္ဘာသစ် အထိုင်ချရပ်သည့် အချိန်တွင် မြန်မာနိုင်ငံ၌ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ပြည်တွင်း/ပြည်ပမှ ပညာရှင်များနှင့် သုံးသပ်ဆွေးနွေးနိုင်ခဲ့ခြင်း၊ အဆိုပါသုံးသပ်ဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားခဲ့သည့်အပြင် မြန်မာနိုင်ငံ၏ ပထဝီအနေအထားနှင့် သမိုင်းကြောင်းအမြင်တို့ကို ဆွေးနွေးပေးခဲ့ခြင်းတို့သည် ထူးခြားချက်ပင်ဖြစ်သည်။ မြန်မာနိုင်ငံသည် ရေ၊ မြေ၊ သဘာဝ၊ သယံဇာတများ ကြွယ်ဝမှု၊ ကမ္ဘာ့အရှေ့နှင့် အနောက် လမ်းကြောင်းပေါ်တွင် တည်ရှိနေမှု၊ ထိုလမ်းကြောင်းပေါ်ရှိ အင်အားကြီးနိုင်ငံကြီး နှစ်နိုင်ငံအကြားတွင် ရပ်တည်နေမှုတို့သည် ထူးခြားချက်များဖြစ်သည်။

ကမ္ဘာကြီးသည် ဂလိုဘယ်လိုက်ဇေးရှင်းခေတ်မှ ဒစ်ဂျစ်တယ်လိုက်ဇေးရှင်းခေတ်သို့ ပြောင်းလဲလာသောအခါ လျင်မြန်ကျယ်ပြန့်လာမှုနှင့်အတူ ကမ္ဘာပေါ်တွင် ပြုပြင်ပြောင်းလဲမှု အစီအစဉ်အသစ်အသစ်များ ပေါ်ထွက်လာခဲ့သည်။ ဝင်ရိုးစုံကမ္ဘာတွင် နည်းပညာယှဉ်ပြိုင်မှုသည် အရေးကြီးပြီး ယခင်ကကဲ့သို့ အင်အားကြီးနိုင်ငံကြီး တစ်နိုင်ငံတည်းမှ နည်းပညာမှအစ အစအဆုံးရရာမှီခိုအားထားနေရမှုများကို နိုင်ငံအချင်းချင်း လက်တွဲပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လျှော့ချနိုင်ပြီး အနာဂတ်တွင် ကြုံတွေ့လာနိုင်သည့် စိန်ခေါ်မှုများကို ကျော်လွှားကာ ပိုမိုကောင်းမွန်သော အခွင့်အလမ်းကောင်းများကို ရရှိလာမည်ဟု မျှော်လင့်သည်။

မြန်မာနိုင်ငံအနေဖြင့် ရေမြေသဘာဝ၊ ပထဝီအနေအထားနှင့် ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေးအခြေအနေများအရ ထူးခြားသောအခြေအနေများ ရှိထားပြီးဖြစ်ရာ အဆိုပါ အရေးပါသောအခြေအနေများကို အရာရောက်အောင် ထူးခြားစွာ ဆောင်ရွက်နိုင်မှသာလျှင် ကြုံတွေ့လာနိုင်သည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံသည် အခွင့်အလမ်းများရှိပါလျက် ဖွံ့ဖြိုးတိုးတက်မှုများနောက်ကျကျန်လျက်ရှိသည်။ အဆိုပါစိန်ခေါ်မှုများကို အခွင့်အလမ်းများ၊ အရာရောက်မှုများအဖြစ် ပြောင်းလဲပစ်နိုင်သည်။ ပြောင်းလဲနိုင်ရန် မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားများကိုချစ်သည့်စိတ် “မြန်မာစိတ်”မွေးပြီး ညီညွတ်သောအင်အားများဖြင့် ဝိုင်းဝန်းတည်ဆောက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာစိတ်သည် ညီညွတ်သည့်စိတ်ဓာတ်ဖြစ်ပြီး အတိတ်သမိုင်းက မြန်မာဟူသည့် စိတ်ဓာတ်ဖြင့် ကမ္ဘာ့အလယ်တွင် ဝင့်ထည်ခဲ့သည်ကို ဂုဏ်ယူကြရမည်ဖြစ်သည်။ စည်းလုံးညီညွတ်မှသာ တည်ငြိမ်အေးချမ်းမှု၊ သာယာဝပြောမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ကိုရရှိနိုင်မည်။ ထို့ကြောင့် ဗဟုဝင်ရိုးကမ္ဘာ့အထိုင်သစ်တွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့်အခွင့်အလမ်းများကို နိုင်ငံသူ နိုင်ငံသားအားလုံး စည်းလုံးညီညွတ်မှု၊ လက်တွဲပူးပေါင်းမှုတို့ဖြင့် ဖော်ဆောင်ကြရမည်ဖြစ်ပါကြောင်း။ ။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒေါက်တာ ဇော်မိုးအောင်ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

၂၂ - ၃ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၅၈၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၂၂ - ၃ - ၂၀၂၅

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၇,၂၀၀	၇,၂၀၀	၃၈	၂၇၃,၆၀၀
MTSH	၃,၁၅၀	၃,၁၅၀	၂၅	၇၈,၇၅၀
MCB	၇,၆၀၀	၇,၆၀၀	၀	၀
FPB	၁,၈၅၀	၁,၈၅၀	၁	၁,၈၅၀
TMH	၂,၉၀၀	၂,၉၀၀	၀	၀
EFR	၁,၅၅၀	၁,၆၀၀	၅၀	၇၈,၀၀၀
AMATA	၃,၉၅၀	၄,၀၀၀	၁၆၀	၆၃၂,၅၀၀
MAEX	၃,၂၅၀	၃,၂၅၀	၁၀၀	၃၂၅,၀၀၀
MADPL(PLB)	၃,၅၀၀	၃,၅၀၀	၁	၃,၅၀၀

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ဒွေစာရင်း ၀၁-၂၉၁၄၄၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ္ဘာ့ရေနေ့ ၂၀၂၅ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

အစဉ်လိုအပ်

ဦးစွာ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ရေသယံဇာတသည် မိမိတို့သက်ရှိအားလုံး၏ အရေးကြီးသည့် သဘာဝအရင်းအမြစ်တစ်ခုဖြစ်သည့်အပြင် စိုက်ပျိုးရေး၊ မွေးမြူရေးအပါအဝင် အသက်မွေးဝမ်းကျောင်းနှင့် အသက်ရှင်နေထိုင်ရေးအတွက် အလွန်အရေးကြီးသည့် အခြေခံလိုအပ်ချက်တစ်ခုလည်းဖြစ်ကြောင်း၊ လုံခြုံဘေးကင်းသန့်ရှင်းသည့်ရေသည် မိမိတို့လူသားများ၏ ကျန်းမာရေးကို အထောက်အကူပြုရုံသာမက သဘာဝပတ်ဝန်းကျင်ကိုလည်း ကောင်းကျိုးပြုကြောင်း၊ ထို့ကြောင့် လူတိုင်းလူတိုင်း ကျန်းမာသန်စွမ်းစေရေး သန့်ရှင်းဘေးကင်းသည့် ရေရရှိရန် အစဉ်လိုအပ်လျက်ရှိကြောင်း။

ကမ္ဘာပေါ်ရှိ နိုင်ငံများတွင် ရေကောင်းရေသန့်၏အရေးကြီးပုံများကို အသိပညာပေးရန်၊ ရေအရင်းအမြစ်များကို ရေရှည်စနစ်တကျအသုံးပြုနိုင်ရေး စီမံခန့်ခွဲမှုများကို အားပေးရန်၊ ကမ္ဘာ့လူဦးရေ၏ သိသာသည့်အချိုးနှင့် အရေအတွက်တစ်ခုသည် သန့်ရှင်းသောရေမရရှိသည့် ဒေသများတွင် နေထိုင်နေကြရပြီး ရေအခက်အခဲများနှင့် ကြုံတွေ့နေရမှုများကို သတိပြုမိစေရန်၊ ရေအခက်အခဲများနှင့်ပတ်သက်ပြီး ဖြေရှင်းနိုင်ရန်တို့အတွက် လိုအပ်ချက်များကို တွန်းအားပေးရန်နှင့် ကမ္ဘာ့ကုလသမဂ္ဂ၏ ၂၀၂၀ ရေရှည်ဖွံ့ဖြိုးမှုပန်းတိုင်အမှတ် (၆)ဖြစ်သည့် လူတိုင်း လုံခြုံဘေးကင်းသန့်ရှင်းသည့် သောက်သုံးရေရရှိနိုင်စေရန် တိုးမြှင့်ဆောင်ရွက်နိုင်ရေး စသည့် ရည်ရွယ်ချက်များဖြင့် နှစ်စဉ် မတ်လ ၂၂ ရက်ကို ကမ္ဘာ့ရေနေ့ အဖြစ်သတ်မှတ်ပြီး ၁၉၉၃ ခုနှစ်ကစ၍ အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပလျက်ရှိကြောင်း။

နှစ်စဉ်နှစ်တိုင်းတွင်လည်း အထူးပြုအသိပေးလိုသည့် ကမ္ဘာ့ရေနေ့ ဆိုင်ရာအဓိက အကြောင်းအရာဆောင်ပုဒ်များကို သတ်မှတ်ဆောင်ရွက်ခဲ့ကြကြောင်း၊ ယခုနှစ် ကမ္ဘာ့ရေနေ့ ၂၀၂၅ အတွက် အဓိကအကြောင်းအရာဆောင်ပုဒ်မှာ “ရေအရင်းအမြစ်များ တည်မြဲဖို့ ရေခဲမြစ်များ ထိန်းသိမ်းစို့” “The Glacier Preservation” ပင်ဖြစ်ကြောင်း။

ကမ္ဘာပေါ်တွင် ရေထုစုစုပေါင်း ၏ ၉၇ ဒသမ ၅ ရာခိုင်နှုန်းသည် ဆားငန်ရေများဖြစ်ကြပြီး ကျန် ၂ ဒသမ ၅ ရာခိုင်နှုန်းခန့်သာ ရေချိုများဖြစ်ကြောင်း၊ သို့သော်လည်း ယင်းရေချိုများ၏ ၆၈ ဒသမ ၇ ရာခိုင်နှုန်းသည်လည်း ဝင်ရိုးစွန်းရေခဲမြစ်များနှင့် ရေခဲတောင်များအဖြစ် တည်ရှိနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ရေခဲမြစ်များသည် ကမ္ဘာ့ရေရှိ အရင်းအမြစ်များအတွက် အရေးပါသည့်အခန်းကဏ္ဍကပါဝင်နေပြီး ကမ္ဘာ့လူဦးရေသန်းပေါင်းများစွာအတွက် သောက်သုံးရေ၊ စိုက်ပျိုးရေနှင့် စွမ်းအင်ထုတ်လုပ်နိုင်ရန် အတွက် အဓိကကျနေသည့် အရင်းအမြစ်တစ်ခုဖြစ်ကြောင်း။

ကမ္ဘာပေါ်တွင်ရှိသည့် ရေခဲမြစ်များ၏ ၉၁ ရာခိုင်နှုန်းသည် အန္တာတိကတိုက်တွင် တည်ရှိပြီး ရှစ်ရာခိုင်နှုန်းခန့်က ဂရင်းလန်းတွင်တည်ရှိနေကြောင်း၊ ကျန်ရှိသည့် တစ်ရာခိုင်နှုန်းခန့်မှာ ဟိမဝန္တာတောင်တန်း၊ အန်ဒီးစ်တောင်တန်းစသည့် ဒေသများတွင် တည်ရှိနေခြင်းဖြစ်ကြောင်း။

လေ့လာထားသည့် စစ်တမ်းများအရ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ရေခဲမြစ်များသည် နှစ်စဉ် ရေခဲတန်ချိန် ၂၆၇ ဘီလီယံခန့် ဆုံးရှုံးခဲ့ပြီး ယင်းဖြစ်စဉ်သည် ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှု၏ ၂၁ ရာခိုင်နှုန်းကို ဖြစ်စေခဲ့သည်ဟု သိရကြောင်း။

ဟိမဝန္တာတောင်တန်းများတွင် ရှိသည့် ရေခဲမြစ်များသည် လွန်ခဲ့သည့်နှစ် ၄၀ အတွင်း အရည်ပျော်မှုနှုန်း သိသိသာသာ မြင့်တက်လာခဲ့ပြီး မကြာသေးမီနှစ်များအတွင်း ရေခဲပမာဏများစွာ လျော့နည်းလာခဲ့ကြောင်း၊ ကမ္ဘာ့အပူချိန်သည် စက်မှုခေတ်မတိုင်မီက အပူချိန်ထက် နှစ်ဒီဂရီစင်တီဂရိတ်မြင့်တက်လာမည်ဆိုပါက ၂၁၀၀ ပြည့်နှစ်မတိုင်မီ ကမ္ဘာ့ရေခဲမြစ်များ၏ တစ်ဝက်ကျော်ခန့် ပျောက်ကွယ်သွားနိုင်သည်ဟု ပညာရှင်များက ခန့်မှန်းထားကြောင်း၊ ကုလသမဂ္ဂကလည်း ၂၀၂၅ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ ရေခဲမြစ်များထိန်းသိမ်းစောင့်ရှောက်ရေး နှစ်အဖြစ် သတ်မှတ်ကြေညာခဲ့ပြီး ၂၀၂၅ ခုနှစ်မှစတင်ကာ နှစ်စဉ် မတ်လ ၂၁ ရက်နေ့ကို “ကမ္ဘာ့ရေခဲမြစ်များနေ့ (World Day for Glaciers)” အဖြစ် ကြေညာခဲ့ကြောင်း၊ ယင်းသည် ရာသီဥတု၊ ဇလဗေဒလည်ပတ်မှု၊ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများတွင် ရေခဲမြစ်များ၏ အရေးပါသည့် အခန်းကဏ္ဍကို တစ်ကမ္ဘာလုံးက သတိပြုမိစေခဲ့ကြောင်း။

စာမျက်နှာ ၄ သို့ ☆

- **ကမ္ဘာပေါ်တွင် ရေထုစုစုပေါင်း၏ ၉၇ ဒသမ ၅ ရာခိုင်နှုန်းသည် ဆားငန်ရေများဖြစ်ကြပြီး ကျန် ၂ ဒသမ ၅ ရာခိုင်နှုန်းခန့်သာရေချိုများဖြစ်**
- **ယင်းရေချိုများ၏ ၆၈ ဒသမ ၇ ရာခိုင်နှုန်းသည်လည်း ဝင်ရိုးစွန်းရေခဲမြစ်များနှင့် ရေခဲတောင်များအဖြစ် တည်ရှိနေခြင်းဖြစ်**
- **ရေခဲမြစ်များသည် ကမ္ဘာ့ရေချိုအရင်းအမြစ်များအတွက် အရေးပါသည့်အခန်းကဏ္ဍက ပါဝင်နေပြီး ကမ္ဘာ့လူဦးရေသန်းပေါင်းများစွာအတွက် သောက်သုံးရေ၊ စိုက်ပျိုးရေနှင့် စွမ်းအင်ထုတ်လုပ်နိုင်ရန်အတွက် အဓိကကျနေသည့်အရင်းအမြစ်တစ်ခုဖြစ်**



အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ္ဘာ့ရေနေ့ ၂၀၂၅ အထိမ်းအမှတ် အလွတ်တန်းအဆင့်ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။



အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ္ဘာ့ရေနေ့ ၂၀၂၅ အထိမ်းအမှတ် အလွတ်တန်းအဆင့်ဆောင်းပါးပြိုင်ပွဲတွင် ဒုတိယဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။



အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ္ဘာ့ရေနေ့ ၂၀၂၅ အထိမ်းအမှတ် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲတွင် တတိယဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။

☆ စာမျက်နှာ ၃ မှ

မိမိတို့မြန်မာနိုင်ငံတွင် ရေခဲမြစ်အဖြစ်ဖော်ပြနိုင်ရန် အထင်အရှားမရှိသော်လည်း ဧရာဝတီမြစ်၏ မြစ်ဖျားခံရာ မေခနှင့် မလိခမြစ်တို့၏ အထက်ပိုင်းဒေသတွင် တည်ရှိသည့် ခါကာဘိုရာဇီတောင်တန်းနှင့်တိဘက်ကုန်းပြင်မြင့်မှ စီးဆင်းလာသည့် ရေခဲမြစ်များသည် နွေရာသီတွင် စုစည်းဖြစ်ပေါ်သည့် ရေခဲမြစ်များဖြစ်ကြပြီး ဧရာဝတီမြစ်ရေကို တစ်စိတ်တစ်ပိုင်းအနေဖြင့် ဖြည့်တင်းပေးလျက်ရှိကြောင်း။

ရာသီဥတု ပြောင်းလဲလာပြီး အပူချိန် မြင့်တက်လာမှုသည် ရေခဲမြစ်များ၏ အရည်ပျော်မှုကို မြန်ဆန်စေပြီး ရေခဲမြစ်များ၏ ထုထည်ကို လျော့နည်းစေကြောင်း၊ လေ့လာတွေ့ရှိချက်များ အရ ဟိမဝန္တာတောင်တန်းတွင်ရှိသည့် အခြားရေခဲမြစ်များထက် ဧရာဝတီမြစ်အထက်ပိုင်းရှိ ရေခဲမြစ်များသည် ထုထည်နှင့် ဧရိယာ သေးငယ်မှုကြောင့် ပိုမိုမြန်ဆန်စွာ လျော့နည်းလျက်ရှိပြီး ၂၁၀၀ ပြည့်နှစ်တွင် ကျင်ပြည်နယ်၏ ပျမ်းမျှအပူချိန်သည် ၂ ဒဿမ ၅ ဒီဂရီစင်တီဂရိတ် မြင့်တက်လာလိမ့်မည်ဟု ခန့်မှန်းထားကြကြောင်း၊ ယင်းအခြေအနေသည် ဧရာဝတီမြစ်အထက်ပိုင်းတွင်ရှိသည့် ရေခဲမြစ်များ လုံးဝပျောက်ကွယ်သွားနိုင်ကြောင်းကို ညွှန်းဆိုနေကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏အနာဂတ် ရေချိုအရင်းအမြစ်များ တည်ရှိမှုကိုခြိမ်းခြောက်နေသည်ကို သတိပြုမိကြရန် ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံတွင် ဧရာဝတီမြစ်ရေစီးကြောင်းအပေါ် ရေခဲမြစ်များ၏ သက်ရောက်မှုများကို တိတိကျကျလေ့လာနိုင်ရန် ရေဆိုင်ရာ အချက်အလက်များ လိုအပ်နေဆဲဖြစ်ကြောင်း၊ ထို့ကြောင့် ရေခဲမြစ်များ၏ ပြောင်းလဲမှုများကို စောင့်ကြည့် လေ့လာခြင်းနှင့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ အချက်အလက်များကို စနစ်တကျ စုစည်းခြင်းသည် အနာဂတ် ရေအရင်းအမြစ် စီမံခန့်ခွဲမှုများအတွက် အရေးကြီးသည့်အချက်ဖြစ်ကြောင်း။

မိမိတို့မြန်မာနိုင်ငံတွင်လည်း ရာသီဥတုဖောက်ပြန်မှု၏ အကျိုးဆက်အဖြစ် ၂၀၂၄ ခုနှစ် မိုးရာသီအတွင်း ရေကြီးမှုဖြစ်စဉ်များအနေဖြင့် နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ ကျင်ပြည်နယ် (မြစ်ကြီးနား)၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဆိုးဆိုးရွားရွားကြုံတွေ့ခဲ့ရသည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း။

ရေစီမံအုပ်ချုပ်မှု အနေဖြင့် ကုလသမဂ္ဂက ချမှတ်တိုက်တွန်းထားသည့် ရေဘက်စုံစီမံခန့်ခွဲမှု (Integrated Water Resources Management – IWRM) ၏ အခြေခံမူများကို လိုက်နာပြီး ရေရှည်တည်တံ့သည့် ရေစီမံခန့်ခွဲမှုကို အလေးပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ရေဆိုင်ရာ အခက်အခဲပြဿနာများ ဖြေရှင်းရန်နှင့် သဘာဝဘေးအန္တရာယ်များ လျော့ပါးသက်သာစေရန်၊ တစ်နိုင်ငံလုံးလွှမ်းခြုံသည့် ရေအရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲနိုင်ရန် “အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ” ကို ၂၀၁၃ ခုနှစ် ဇူလိုင် ၂၅ ရက်တွင် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တာဝန်ယူဆောင်ရွက်ပြီးနောက် “အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ”ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် မိမိကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း။

“အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ” အနေဖြင့် မြန်မာနိုင်ငံတွင် ရေအရင်းအမြစ်ဘက်စုံ စီမံခန့်ခွဲမှုစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ဆောင်ပြီး ရေအရင်းအမြစ်များကို ထိထိရောက်ရောက် အကျိုးရှိအောင် အသုံးချနိုင်ရေးအတွက် ရည်ရွယ် ဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မတီအနေဖြင့် ရေဆိုင်ရာ စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုများနှင့် အမျိုးသားအဆင့် ရေမူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ကြီးကြပ်ခြင်း၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများကို ပေါင်းစပ်ညှိနှိုင်းပေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့ရေနေ့ အခမ်းအနားများ ကျင်းပခြင်းနှင့် ရေဆိုင်ရာ အသိပညာပေးလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်လျက်ရှိကြောင်း။ **စာမျက်နှာ ၅ သို့ ☆**



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ကမ္ဘာ့ရေနေ့ ၂၀၂၅ အထိမ်းအမှတ် ဝါသနာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။

❍ ရာသီဥတုပြောင်းလဲလာပြီး အပူချိန်မြင့်တက်လာမှုသည် ရေခဲမြစ်များ၏ အရည်ပျော်မှုကို မြန်ဆန်စေပြီး ရေခဲမြစ်များ၏ထုထည်ကို လျော့နည်းစေ

❍ လေ့လာတွေ့ရှိချက်များအရ ဟိမဝန္တာတောင်တန်းတွင်ရှိသည့် အခြားရေခဲမြစ်များထက် ဧရာဝတီမြစ်အထက်ပိုင်းရှိ ရေခဲမြစ်များသည် ထုထည်နှင့် ဧရိယာ သေးငယ်မှုကြောင့် ပိုမိုမြန်ဆန်စွာလျော့နည်းလျက်ရှိပြီး ၂၁၀၀ ပြည့်နှစ်တွင် ကျင်ပြည်နယ်၏ ပျမ်းမျှအပူချိန်သည် ၂ ဒဿမ ၅ ဒီဂရီစင်တီဂရိတ် မြင့်တက်လာလိမ့်မည်ဟု ခန့်မှန်းထား

❍ ယင်းအခြေအနေသည် ဧရာဝတီမြစ်အထက်ပိုင်းတွင်ရှိသည့် ရေခဲမြစ်များ လုံးဝပျောက်ကွယ်သွားနိုင်ကြောင်းကို ညွှန်းဆိုနေ၊ မိမိတို့နိုင်ငံ၏ အနာဂတ်ရေချိုအရင်းအမြစ်များ တည်ရှိမှုကို ခြိမ်းခြောက်နေသည်ကို သတိပြုမိကြရန်ပြောကြားလို

လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုံးပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ကမ္ဘာ့ရေနေ့ ၂၀၂၅ အထိမ်းအမှတ် ဝါသနာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲ၌ ဒုတိယဆုရရှိခဲ့သူအား ဆုပေးအပ်ချီးမြှင့်စဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ကမ္ဘာ့ရေနေ့ ၂၀၂၅ အထိမ်းအမှတ် ဝါသနာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲ၌ တတိယဆုရရှိခဲ့သူအား ဆုပေးအပ်ချီးမြှင့်စဉ်။

☆ စာမျက်နှာ ၄ မှ

ထို့အပြင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်နှင့် သံလွင်မြစ်တို့၏ မြစ်ဖျားမှစတင်ပြီး ပင်လယ်ထဲသို့ ရောက်သည်အထိ ရေစီးနှုန်း တိုင်းတာရန်နှင့် ရေလမ်းကြောင်းအခြေအနေ အပါအဝင် ရေအရင်းအမြစ်ပမာဏကို စူးစမ်းလေ့လာဆောင်ရွက်နိုင်ရေး အတွက် ရေအားအရင်းအမြစ် စူးစမ်းလေ့လာရေးအဖွဲ့ကို ၂၀၂၂ ခုနှစ် မတ်လ ၇ ရက်တွင် ဖွဲ့စည်းပေးခဲ့ကြောင်း၊ ယင်းအဖွဲ့သည်လည်း လုပ်ငန်းတာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ရေအားအရင်းအမြစ် စူးစမ်းလေ့လာရေး လုပ်ငန်းများ၏ တိုးတက်မှု အခြေအနေကို ပြည်ထောင်စု အစိုးရအဖွဲ့ထံ အစီရင်ခံ တင်ပြလျက်ရှိကြောင်း၊ လက်ရှိအနေအထားတွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်တို့သည် လူတို့၏ လုပ်ဆောင်ချက်ကြောင့် သောင်ပို့မှုများ များပြားလာပြီး ရေကြောင်း သွားလာရေးတွင် ကန့်သတ်ချက်များ များလာကြောင်း၊ ထို့ကြောင့် မြစ်ကြောင်းများ ထိန်းသိမ်းရေးသည် အရေးကြီးသည့်အခြေအနေရှိနေပြီး ဆောလျင်စွာဖြေရှင်းရန်လိုကြောင်း၊ အဓိကမြစ်များနှင့် ယင်းမြစ်များအတွင်း စီးဝင်သည့် မြစ်၊ ချောင်းများ ဘေးဝဲ၊ ယာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်စေသည့် လုပ်ငန်းများကို ဒေသဆိုင်ရာအစိုးရ၊ အုပ်ချုပ်ရေးအဖွဲ့များက ကြပ်မတ်ရန်လို ကြောင်း၊ အဆိုပါမြစ်များသည် ကူးသန်းသွားလာမှုတွင် အဓိက ကျခြင်းကြောင့် ဆောလျင်စွာ သောင်တူး ရှင်းလင်းနိုင်ရေး၊ ဟိမဝန္တာတောင်မှ စီးဆင်းလာသည့် ရေချိုများကို စိုက်ပျိုးရေး ကဏ္ဍတွင် အကျိုးရှိစွာ အသုံးချနိုင်ရေး၊ ရာသီမရွေး ရေကြောင်း သွားလာနိုင်ရေး၊ ရေအားလျှပ်စစ် ထုတ်လုပ်နိုင်ရေး၊ မြစ်ဘေး ဝဲ၊ ယာနှင့် သက်ရောက်သည့် နေရာများ စိမ်းလန်းစိုပြည်လာစေရေး တို့ကို ဖြစ်ပေါ်လာစေရန် သတ်မှတ်ရှာဖွေထားသည့် နေရာများတွင် အနိမ့်တမံ(Low-Head Dam)များ ဖြစ်နိုင်သမျှ အမြန်ဆောင်ရွက်သွားရန်လိုကြောင်း။

အနာဂတ် ရေဖူလုံစေရေး အတွက် ရေစီမံအုပ်ချုပ်ရေးလုပ်ငန်းများသည် အလွန်အရေးကြီးကြောင်း၊ ရေရှည်တည်တံ့သည့် ရေစီမံခန့်ခွဲမှုအလေ့အကျင့်ကောင်းများရရှိစေရေး လူတိုင်းကို အသိပညာပေးခြင်းအပြင် နည်းပညာအသစ်များ တီထွင်ကြံဆခြင်း၊ ရေအသုံးပြုမှုဆိုင်ရာ အလေ့အကျင့်ကောင်းများ ဖော်ထုတ်ခြင်းစသည့် နည်းစနစ်အသစ်များကို ကျင့်သုံးသွားရမည်ဖြစ်ကြောင်း။

ယခုနှစ် ကမ္ဘာ့ရေနေ့အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သည့် "ရေအရင်းအမြစ်များ တည်မြဲဖို့ ရေခဲမြစ်များ ထိန်းသိမ်းစို့" ဟူသည့်အတိုင်း မိမိတို့နိုင်ငံအတွင်း၌ ရေအရင်းအမြစ်များ ရေရှည်ပေါများကြွယ်ဝစေရန်နှင့် ရေနှင့်ဆိုင်သည့် သဘာဝဘေးဒဏ်များ လျော့ပါးစေရန်အတွက် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု၊ တိုးတက်နေသည့် နည်းပညာများနှင့် ပြည်သူလူထု၏ ပူးပေါင်းမှုကို ရယူပြီး ဆက်လက်ထိန်းသိမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ လက်ရှိ ပိုင်ဆိုင်ထားသည့် ရေချိုအရင်းအမြစ်များကို အမြော်အမြင်ရှိစွာဖြင့် ရေရှည်အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ကြရန်၊ တက္ကသိုလ်များ၊ သုတေသနစင်တာများက လည်း ရေကဏ္ဍကို မြှင့်တင်ပေးနိုင်ရေး လေ့လာမှုများ၊ အသိပညာပေးမှုများ ဆက်လက်ဆောင်ရွက်ပေးကြရန်၊ မိမိတို့နိုင်ငံ အနာဂတ် ရေဖူလုံစေရေး ရေကဏ္ဍကိုမြှင့်တင်ရန် ရေစီမံခန့်ခွဲမှုနည်းပညာများဖြင့် ကြိုးစားမြှင့်တင်ကြရန်၊ နိုင်ငံ၏ ရေချိုအရင်းအမြစ်များကို အထောက်အပံ့ ပေးနိုင်သည့် တည်ရှိပြီး ရေခဲတောင်များ၊ ရေခဲမြစ်များ ရေရှည်တည်မြဲစေရေး မိမိတို့ တတ်နိုင်သည့်နေရာများက ပါဝင်ထိန်းသိမ်းဆောင်ရွက်ပေးကြရန်၊ မိမိတို့၏ လက်ရှိနှင့် အနာဂတ် မျိုးဆက်သစ်များအတွက် နိုင်ငံ၏ ရေအရင်းအမြစ်များကို ရေရှည်တည်တံ့ပြီး စနစ်တကျ၊ မျှမျှတတ အကျိုးရှိစွာ ရေရှည် အသုံးပြုသွားနိုင်ရေး ရေဆိုင်ရာ စီမံခန့်ခွဲမှုကဏ္ဍများတွင် မိမိတို့ ပြည်သူများအားလုံး အတူတကွ ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြား လိုကြောင်း ပြောကြားသည်။

ဆုများပေးအပ်ချီးမြှင့်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကမ္ဘာ့ရေနေ့ ၂၀၂၅ အထိမ်းအမှတ် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသူများကို ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ကမ္ဘာ့ရေနေ့ ၂၀၂၅ အထိမ်းအမှတ် ဝါသနာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိခဲ့သူများကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ကမ္ဘာ့ရေနေ့ ၂၀၂၅ အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုအား ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ကမ္ဘာ့ရေနေ့ ၂၀၂၅ အထိမ်းအမှတ် ဓာတ်ပုံပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

- **လက်ရှိအနေအထားတွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်တို့သည် လူတို့၏ လုပ်ဆောင်ချက်ကြောင့် သောင်ပို့မှုများ များပြားလာပြီး ရေကြောင်းသွားလာရေးတွင် ကန့်သတ်ချက်များများလာ၊ မြစ်ကြောင်းများ ထိန်းသိမ်းရေးသည် အရေးကြီးသည့် အခြေအနေရှိနေပြီး ဆောလျင်စွာဖြေရှင်းရန်လို၊ အဓိကမြစ်များနှင့် ယင်းမြစ်များအတွင်း စီးဝင်သည့် မြစ်၊ ချောင်းများ ဘေးဝဲ၊ ယာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်စေသည့် လုပ်ငန်းများကို ဒေသဆိုင်ရာအစိုးရ၊ အုပ်ချုပ်ရေးအဖွဲ့များက ကြပ်မတ်ရန်လို**
- **အနာဂတ် ရေဖူလုံစေရေးအတွက် ရေစီမံအုပ်ချုပ်ရေးလုပ်ငန်းများသည် အလွန်အရေးကြီး၊ ရေရှည်တည်တံ့သည့် ရေစီမံခန့်ခွဲမှုအလေ့အကျင့်ကောင်းများရရှိစေရေး လူတိုင်းကို အသိပညာပေးခြင်းအပြင် နည်းပညာအသစ်များ တီထွင်ကြံဆခြင်း၊ ရေအသုံးပြုမှုဆိုင်ရာ အလေ့အကျင့်ကောင်းများ ဖော်ထုတ်ခြင်းစသည့် နည်းစနစ်အသစ်များကို ကျင့်သုံးသွားရမည်**

တရားမဝင် သိမ်းဆည်းရမိသည့် ယာဉ်များနှင့်ဆိုင်ကယ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရေး အမှုတွဲများ အမြန်ဆုံးပြီးပြတ်စေရန်ကိစ္စနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၂၂



တရားမဝင် သိမ်းဆည်းရမိသည့် ယာဉ်များနှင့် ဆိုင်ကယ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရေး အမှုတွဲများ အမြန်ဆုံးပြီးပြတ်စေရန်ကိစ္စနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒေါက်တာသီတာဦး၊ ဦးထွန်းအုံ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်၊ ဒုတိယဝန်ကြီး ဒေါသန်းသန်းလင်း၊ အခွန်အယူခံ ခုံအဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန်က တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ တရားရုံးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းများ၊ သစ်တောဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်များက ဘဏ္ဍာသိမ်းယာဉ်များကို အဓိက သိမ်းဆည်း ရရှိပါကြောင်း၊ သိမ်းဆည်းရရှိသည့် ဘဏ္ဍာသိမ်းယာဉ်၊ ယန္တရား၊ ဆိုင်ကယ်များကို ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနသို့ လွှဲပြောင်း အပ်နှံစေလျက် ရှိပါကြောင်း။

လိုင်စင်မဲ့(ပိုင်ရှင်မဲ့) ယာဉ်များကို နိုင်ငံပိုင်(ပြည်သူ့ဘဏ္ဍာ) အဖြစ် သိမ်းဆည်းမိန့်ချမှတ်ရာ၌ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန၏ ထောက်ခံချက်ရရှိပါက သိမ်းဆည်းမိန့်ချမှတ် ဆောင်ရွက်သွားရန်နှင့် ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ လွှဲပြောင်းအပ်နှံ ဆောင်ရွက်သွားရန် ညွှန်ကြားထားရှိပါကြောင်း၊ ဘဏ္ဍာသိမ်းယာဉ် သိမ်းဆည်းအပ်နှံမှုလုပ်ငန်းများ ပိုမိုထိရောက်မြန်ဆန်စေရန်အတွက် သိမ်းဆည်းရမိယာဉ်များ၊ ပစ္စည်းများအမြန်ဆုံး စီမံဆောင်ရွက်နိုင်ရေး အတွက် ညှိနှိုင်းဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်ခဲ့ပါကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် တရားရုံးများက ရာဇဝတ်မှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုဖြစ်စေ၊ စစ်ဆေးစီရင်မှုဖြစ်စေ ဆောင်ရွက်ဆဲ ကာလတွင် သိမ်းဆည်းထားသော သက်သေခံပစ္စည်းများ တန်ဖိုးဆုံးရှုံးမှုမရှိစေရေး စီမံထိန်းသိမ်း ဆောင်ရွက်နိုင်ရန် အတွက် သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှု ဗဟိုကော်မတီ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်နှင့် ခရိုင်အဆင့် သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှု ကော်မတီကို ပြင်ဆင်ဖွဲ့စည်းထားရှိပါကြောင်း၊ တရားဝင်နှင့် တရားမဝင်ယာဉ်၊ ယန္တရားများ အမိန့်ရင်ဆိုင် ကာလအတွင်း မပျက်စီးစေရန် ထိန်းသိမ်းမှုအခွင့် အာဏာနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ညှိနှိုင်းဆောင်ရွက်ရန် လမ်းညွှန်ခဲ့ပါကြောင်း။

လိုင်စင်မဲ့ ဘဏ္ဍာသိမ်းယာဉ်များကို သံရည်ကျိုအဆင့်သို့ ရောက်ရှိခြင်းမှ ကာကွယ်နိုင်ရန်နှင့် ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြင့် ဆောလျင်စွာ စီမံဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများအလိုက် ရေးဆွဲထားသည့် လုပ်ငန်းစဉ် (SOPs) များနှင့်အညီ နိုင်ငံပိုင် (ပြည်သူ့ဘဏ္ဍာ)အဖြစ် ဆောလျင်စွာ သိမ်းဆည်းမိန့်ချမှတ်၍ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနသို့အချိန်နှင့်တစ်ပြေးညီ လွှဲပြောင်းအပ်နှံစေရေး စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်ရန်နှင့် တရားမဝင် သိမ်းဆည်းရမိသည့် ယာဉ်များနှင့် ဆိုင်ကယ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရေး အမှုတွဲများအမြန်ဆုံး ပြီးပြတ်စေရန် ကိစ္စနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေး ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဘဏ္ဍာသိမ်းယာဉ်များ စစ်ဆေးလွှဲပြောင်းလက်ခံခြင်း၊ စီမံဆောင်ရွက်ခြင်းနှင့် ဘဏ္ဍာသိမ်းယာဉ် သိမ်းဆည်းအပ်နှံခြင်း လုပ်ငန်းများ ထိရောက်မြန်ဆန်စေရေး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နေမှု၊ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းမှုဗဟိုကော်မတီ၏ ဆောင်ရွက်နေမှု၊ သိမ်းဆည်းရမိယာဉ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရေး အမှုတွဲများ အမြန်ဆုံးပြီးပြတ်ရေး ဆောင်ရွက်နေသည့်အခြေအနေများ၊ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ သိမ်းဆည်းရမိယာဉ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် ညွှန်ကြားချက်များအပေါ် လိုက်နာဆောင်ရွက်ထားရှိမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက် လာကြသူများက တရားမဝင် သိမ်းဆည်းရမိသည့် ယာဉ်များနှင့် ဆိုင်ကယ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရေး အမှုတွဲများ အမြန်ဆုံးပြီးပြတ်စေရန်၊ လိုင်စင်မဲ့ ဘဏ္ဍာသိမ်းယာဉ်များကို သံရည်ကျိုအဆင့်သို့ရောက်ရှိခြင်းမှ ကာကွယ်နိုင်ရန်နှင့် ပျက်စီးဆုံးရှုံးမှုအနည်းဆုံးဖြင့် ဆောလျင်စွာ စီမံဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

စွမ်းအင်ဝန်ကြီးဌာနနှင့်ပူးပေါင်း၍ Standard Well (နည်းစနစ်ကျတွင်း) တူးဖော်ရန်အဆိုပြုတင်ပြထားသည့် တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် မတ် ၂၂



စွမ်းအင်ဝန်ကြီးဌာနနှင့်ပူးပေါင်း၍ Standard Well (နည်းစနစ်ကျတွင်း) တူးဖော်ရန်အဆိုပြုတင်ပြထားသည့် တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့တွင် စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီးဦးကိုကိုလွင်၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများနှင့် Standard Well (နည်းစနစ်ကျတွင်း) တူးဖော်ရန်အဆိုပြုတင်ပြထားသည့် တိုင်းရင်းသားလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်သူလူထု၏ သယံဇာတအား ပြည်သူလူထုထံသို့ ပို့ဆောင်နိုင်ရန် စွမ်းအင်သယံဇာတအပါအဝင် နိုင်ငံတော်၏ သယံဇာတများနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်ရန်၊ နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်ကို အတတ်နိုင်ဆုံးဖြည့်ဆည်းရန်နှင့် တိုင်းရင်းသားလုပ်ငန်းရှင်များကို အားပေးအားမြှောက်ပြုရန် ရည်ရွယ်ချက်များဖြင့် Standard Well များကို ပူးပေါင်း၍တူးဖော်ရန် စီမံဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ စွမ်းအင်သယံဇာတဖြစ်သည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ဖြစ်တည်ရန် နှစ်သန်းပေါင်း ၄၀ ခန့်လိုအပ်ပါကြောင်း၊ ယခုကဲ့သို့တန်ဖိုးရှိသော သယံဇာတအမွေအနှစ်များကို မိမိတို့နိုင်ငံတွင်နေထိုင်သော ပြည်သူများကသာပိုင်ဆိုင်သဖြင့် ပြည်သူများအကျိုးကိုရှေးရှု၍ စနစ်တကျ စီမံခန့်ခွဲရမည်ဖြစ်ပါကြောင်း။

မိမိတို့စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ကုန်များဖြစ်သော မော်တော်ယာဉ်သုံးဖိအားမြင့်သဘာဝဓာတ်ငွေ့ (CNG)၊ဓီးဖိုချောင်သုံး ရေနံဓာတ်ငွေ့ရည် (LPG)၊ စက်သုံးဆီများနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတ်မြေဩဇာများကိုလည်း အများပြည်သူအကျိုးအတွက် ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချပေးနေပါကြောင်း၊ အဆိုပါထုတ်ကုန်များကို အရေအတွက်နှင့်အရည်အသွေး ပိုမိုမြင့်တင်ပြီး ထုတ်လုပ်နိုင်ရန်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အဓိကအခြေခံအကျဆုံး ကုန်ကြမ်းဖြစ်သည့် ရေနံစိမ်းကို Standard Well (နည်းစနစ်ကျတွင်း) များတူးဖော်ခြင်းဖြင့် ပိုမိုထုတ်လုပ်ဖြည့်ဆည်းပေးနိုင်ရေး ယခုကဲ့သို့ တိုင်းရင်းသားလုပ်ငန်းရှင်များကို ခေါ်ယူတွေ့ဆုံဆွေးနွေးခြင်း ဖြစ်ပါကြောင်း၊ တိုင်းရင်းသားရေနံလုပ်ငန်းရှင်များကို နိုင်ငံတကာမှ ရေနံလုပ်ငန်းရှင်များကဲ့သို့ စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန်အတွက်လည်း ရည်ရွယ်ခြင်းဖြစ်ပါကြောင်း၊ တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အများပိုင်ကုမ္ပဏီများဖွဲ့စည်း၍ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းနှင့် မိမိတို့ဝန်ကြီးဌာန တာဝန်ရှိသူများက Standard Well တူးဖော်ခြင်းဆိုင်ရာ လိုက်နာရမည့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့် နည်းပညာများကို ရှင်းလင်းဆွေးနွေးသွားကြမည်ဖြစ်ကြောင်း၊ သတ်မှတ်စည်းမျဉ်းစည်းကမ်းနှင့် ကိုက်ညီစွာတင်ပြလာပါက Standard Well များ တူးဖော်ရန်ခွင့်ပြုပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက Standard Well တူးဖော်ခြင်းနှင့်ပတ်သက်၍ လိုက်နာရမည့်ဥပဒေ၊ စည်းကမ်းချက်များနှင့် ပတ်သက်၍လည်းကောင်း၊ နည်းပညာပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း၊ တိုင်းရင်းသားလုပ်ငန်းရှင်များ အဆိုပြုတင်ပြထားသည်များအပေါ် စိစစ်ထားရှိမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားလုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကာ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၉)နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆောင်းပါး

မဲခေါင်-လန်ချန်း ဒေသတွင်းပေါင်းစည်းမှုနှင့် မျှဝေသောအနာဂတ်

..... ထက်ထက်အောင် MLC-NCU (Myanmar) .....



မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှုတည်ထောင်ခြင်း (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသည့် အထိမ်းအမှတ်ညှိခံပွဲအခမ်းအနားကို နိုင်ငံခြားရေးဝန်ကြီးဌာနက နေပြည်တော်ရှိ KMA နေပြည်တော်ဟိုတယ်၌ ၂၀၂၄ ခုနှစ် မတ်လ ၂၈ ရက်နေ့က ကျင်းပစဉ်။

ဒေသတွင်းပေါင်းစည်းမှု

ဒေသတွင်းပေါင်းစည်းမှု (Regional Integration) များသည် ကမ္ဘာ့နိုင်ငံများ၏ နိုင်ငံတကာဆက်ဆံရေးကဏ္ဍတွင် ဦးစားပေးမူဝါဒတစ်ရပ်အဖြစ် ပါဝင်လျက်ရှိပြီး ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပေါင်းစည်းခြင်းဖြင့် ဒေသတွင်းပေါင်းစည်းမှုအနေဖြင့်သာမက နိုင်ငံတကာအသိုက်အဝန်းတွင်ပါ ပူးပေါင်းဆောင်ရွက်မှု ပုံရိပ်ကောင်းနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ပေါင်းစည်းမှုမဟာဗျူဟာ (Competitive Integration Strategy) ကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။

အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲလျက်ရှိသော ဖွံ့ဖြိုးတိုးတက်မှုစံနှုန်းများနှင့် မမျှော်မှန်းနိုင်သော ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကြောင့် နိုင်ငံများသည် ဒေသတွင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများအပေါ် အတွေးအခြင်သစ်များဖြင့် ရှုမြင်လာခဲ့ကြပြီး ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ် (Regional Cooperation Mechanism) များမှာလည်း ပိုမိုအားကောင်းလာခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးသက်ရောက်မှုများနှင့် ရလဒ်များကို လက်တွေ့သိမြင်ခဲ့ကြပြီးနောက် ယင်းလုပ်ငန်းစဉ်များမှတစ်ဆင့် ဒေသတွင်းနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်များကို ဖော်ထုတ်ဖြည့်ဆည်းနိုင်မည့် ဦးစားပေးအစီအစဉ်များချမှတ်ကာ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များ လျှော့ချရေးနှင့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရေးတို့ကို ပေါင်းစည်းအင်အားဖြင့် ကြိုးပမ်းဆောင်ရွက်လာကြသည်ကို တွေ့ရှိရပါသည်။

ဒေသတွင်းပေါင်းစည်းမှုမြှင့်တင်ခြင်းဖြင့် အိမ်နီးချင်းနိုင်ငံများအကြား အကျိုးစီးပွားမျှဝေမှု၊ ဒေသတွင်း ဘုံစိန်ခေါ်မှုများကို ပူးပေါင်းဖြေရှင်းမှု၊ တည်ငြိမ်အေးချမ်းမှု၊ အပြန်အလှန် နားလည်လေးစားမှု၊ ဒေသတွင်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ကဏ္ဍစုံအစုအဖွဲ့ (Stakeholder) များအကြား ပိုမို ချိတ်ဆက်ဆောင်ရွက်နိုင်မှု စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ပါသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု

၂၀၁၆ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် ဆန်းယမြို့၌ "Shared River, Shared Future" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သော ပထမအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးတွင် ဆန်းယကြေညာစာတမ်း (Sanya Declaration) ကို ထုတ်ပြန်ကြေညာ၍ တရားဝင် စတင်ထူထောင်ခဲ့သော မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ယခုအခါ (၉)နှစ်ပြည့် မြောက်တော့မည်ဖြစ်ပါသည်။

ပူးပေါင်းဆောင်ရွက်မှုကိုးနှစ်တာကာလအတွင်း မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ အဓိကရည်ရွယ်ချက်များဖြစ်သည့် ဒေသတွင်းနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများ၏ လူမှုဘဝသာယာဝပြောရေး၊ အဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်များကို လျှော့ချရေး၊ အာဆီယံအသိုက်အဝန်းတည်ထောင်မှုကို အထောက်အကူပြုရေး၊ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် ၂၀၃၀ ကို တိုးမြှင့်အကောင်အထည်ဖော်ရေးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးတို့ကို ဦးတည်ကာ စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် အခြေခံမူများဖြစ်သည့် တူညီဆန္ဒ (Consensus)၊ ညီတူညီမျှရှိမှု (Equality)၊ အပြန်အလှန်ညှိနှိုင်းဆောင်ရွက်မှု (Mutual Consultation and Coordination)၊ ဆန္ဒအလျောက်ပါဝင်မှု (Voluntarism)၊ စုပေါင်းပါဝင် ဆောင်ရွက်မှု (Common Contribution)၊ အကျိုးအမြတ်များမျှဝေခံစားမှု (Shared Benefits)၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် နိုင်ငံတကာဥပဒေများကို လေးစားမှု (Respect for UN Charter and International Laws) တို့နှင့်အညီ ခေါင်းဆောင်များ၏လမ်းညွှန်မှုနှင့် အစိုးရကဦးစီးမှု (Leaders' Guidance and Government-Guided)၊ ဘက်စုံပူးပေါင်းဆောင်ရွက်မှုနှင့် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်မှု (All-Round Cooperation and Broad Participation)နှင့် စီမံကိန်းဦးစားပေး ပူးပေါင်းဆောင်ရွက်မှုပုံစံ (Project-Oriented Model) တို့ဖြင့် စနစ်တကျ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို မဏ္ဍိုင်(၃)ရပ်ဖြစ်သည့် နိုင်ငံရေးနှင့် လုံခြုံရေး (Political and Security Issues)၊ စီးပွားရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး (Economic and Sustainable Development)နှင့် လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူအချင်းချင်း အပြန်အလှန်ဆက်သွယ်ရေး (Social, Cultural and People-to-People Exchanges) တို့အပေါ် အခြေခံကာ ဦးစားပေးကဏ္ဍ(၅)ခုဖြစ်သည့် ပေါင်းစည်းဆက်နွယ်မှု (Connectivity)၊ ထုတ်လုပ်မှုစွမ်းရည် တိုးမြှင့်ရေး ပူးပေါင်းဆောင်ရွက်မှု (Production Capacity Cooperation)၊ နယ်စပ်ဖြတ်ကျော် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Cross-border Economic Cooperation)၊ ရေအရင်းအမြစ် (Water Resources) နှင့် စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး (Agriculture and Poverty Reduction) နှင့် ထပ်မံထည့်သွင်းခဲ့သည့် ဦးစားပေးကဏ္ဍ(၁၀)ခု ဖြစ်သော ဘဏ္ဍာရေး၊ သစ်တော၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အကောက်ခွန်၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေး၊ သတင်းမီဒီယာနှင့် လျှပ်စစ်စွမ်းအင်တို့ကို ပေါင်းစပ်ကာ 3+5+X Framework မူဘောင်ကို ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ ဒစ်ဂျစ်တယ်စီးပွားရေး၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့် တီထွင်ဆန်းသစ်မှုတို့ကိုပါ ဦးစားပေးကဏ္ဍများအဖြစ် ထည့်သွင်း၍ ပိုမို ကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ (မြန်မာ)

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ပိုမိုထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများ၌ ပူးပေါင်းညှိနှိုင်းရေးအဖွဲ့များ ဖွဲ့စည်းသွားရန် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ) [Mekong-Lancang Cooperation-National Coordination Unit (Myanmar)-MLC-NCU(Myanmar)] ကို ၂၀၁၇ ခုနှစ် မေလ ၁၂ ရက်နေ့၌ နိုင်ငံခြားရေးဝန်ကြီးဌာနလက်အောက်တွင် ဖွဲ့စည်းခဲ့ပါသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ)သည် အဓိကတာဝန်များဖြစ်သည့် စီမံကိန်းများ စနစ်တကျအကောင်အထည်ဖော်ဆောင်ရေးအတွက် စီမံကိန်းအကောင်အထည်ဖော်သည့် ဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် အဖွဲ့ဝင်နိုင်ငံများအကြား ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်သည့် ဝန်ကြီးဌာနများအား မူဝါဒပိုင်းဆိုင်ရာ အထောက်အကူပြုခြင်း၊ စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများကို ကူညီဖြေရှင်းခြင်း၊ နည်းပညာဆိုင်ရာ အကူအညီများရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ သတင်းအချက်အလက်များ မျှဝေပေးခြင်း၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်များနှင့် ကိုက်ညီသည့် စီမံကိန်းများကို အဆိုပြုနိုင်ရေး ကူညီဆောင်ရွက်ခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိသည့် စီမံကိန်းများ အရည်အသွေးပြည့်မီရေး၊ အချိန်မီပြီးစီးရေး၊ စီမံကိန်းအကောင်အထည်ဖော်မှုနှင့် စီမံကိန်းအဆိုပြုလွှာ ကိုက်ညီမှုရှိရေးတို့အတွက် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ အောင်မြင်မှုပုံရိပ်များကို နိုင်ငံတကာနှင့်ပြည်သူလူထုသို့ အသိပေးမျှဝေလျက်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

မဲခေါင်-လန်ချန်း အထူးရန်ပုံငွေစီမံကိန်းများ

ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တရုတ်နိုင်ငံက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (MLC Special Fund) ကို အမေရိကန်ဒေါ်လာသန်း ၃၀၀ ဖြင့် လည်းကောင်း၊ အတိုးနှုန်းသက်သာသော ချေးငွေ (Concessional Loan) ကို ယွမ် ၁၀ ဘီလီယံဖြင့်လည်းကောင်း၊ အခြားချေးငွေ (Credit Line) ကို အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံဖြင့်လည်းကောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေ (South-South Cooperation Fund) ကို အမေရိကန်ဒေါ်လာသန်း ၂၀၀ ဖြင့်လည်းကောင်း အသီးသီးမတည်ထူထောင်ပေးရန် ပထမအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးတွင် ထုတ်ပြန်ကြေညာခဲ့ပြီး ရန်ပုံငွေ (၄)ရပ်ကို မတည်ထူထောင်ပေးခဲ့ပါသည်။

အဆိုပါ ရန်ပုံငွေ(၄)ရပ်အနက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများတွင် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူအကျိုးပြုစီမံကိန်း ၈၈၀ ကျော်ကို ၂၀၁၇ ခုနှစ်မှစတင်ကာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ဒေသတွင်းမှီတင်းနေထိုင်ကြသည့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု ရလဒ်များစွာကို ဖော်ဆောင်နိုင်ခဲ့ပါကြောင်း အသိအမှတ်ပြု ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (Mekong-Lancang Cooperation Special Fund) ဖြင့် ၂၀၁၇ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၂ သန်းကျော်တန်ဖိုးရှိ စီမံကိန်း ၁၁၈ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိခဲ့ပြီး စီမံကိန်းများ၏ ၇၀ ရာခိုင်နှုန်းကျော်မှာ အောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ကာ ကျန်စီမံကိန်းများမှာလည်း စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံမှ အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရရှိခဲ့သော မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်းများသည် စီမံကိန်းဒေသရှိ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုတို့ကို အထောက်အကူပြုသကဲ့သို့ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင် ၁၇ ခုအနက် ရည်မှန်းချက်(၁) ဆင်းရဲနွမ်းပါးမှု အဆုံးသတ်ရေး၊ ရည်မှန်းချက်(၂) စားနပ်ရိက္ခာဖူလုံရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော စိုက်ပျိုးရေး၊

စာမျက်နှာ ၈ သို့ ❖

> **"ဒေသတွင်းပေါင်းစည်းမှုမြှင့်တင်ခြင်းဖြင့် အိမ်နီးချင်းနိုင်ငံများအကြား အကျိုးစီးပွားမျှဝေမှု၊ ဒေသတွင်း ဘုံစိန်ခေါ်မှုများကို ပူးပေါင်းဖြေရှင်းမှု၊ တည်ငြိမ်အေးချမ်းမှု၊ အပြန်အလှန် နားလည်လေးစားမှု၊ ဒေသတွင်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ကဏ္ဍစုံ အစုအဖွဲ့ (Stakeholder) များအကြား ပိုမိုချိတ်ဆက်ဆောင်ရွက်နိုင်မှု စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်"**

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ အဘ်ဟေးတာကူးရ်အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂၂

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသံအမတ်ကြီး မစ္စတာအဘ်ဟေးတာကူးရ်အား ယနေ့ မွန်းလွဲ ၂နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနခွဲ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနှင့် အိန္ဒိယနိုင်ငံတို့အကြား ကာလရှည်ကြာတည်ရှိခဲ့သည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုပိုမိုခိုင်မာစေရေး နည်းလမ်းများကို ဆွေးနွေးကြသည်။ ဆက်လက်၍ နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများအကြားတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်မည့် အခွင့်အလမ်းများ ရှာဖွေ၍ နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းရေး ရှိရင်းစွဲယန္တရားများကိုအသုံးချရေး အရေးပါဝင်မှုကို အလေးထားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နီပေါနိုင်ငံ ဝန်ကြီးချုပ်ဟောင်း Mr.Madhav Kumar Nepal နှင့်အဖွဲ့ ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ဘုရားများ ဖူးမြော်ကြည်ညိုရ

ညောင်ဦး မတ် ၂၂

မတ် ၂၁ ရက်က နေပြည်တော်၌ ကျင်းပသော ၂၀၂၅ အလွန်ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲ တက်ရောက်ခဲ့သည့် နီပေါနိုင်ငံဝန်ကြီးချုပ်ဟောင်း Mr. Madhav Kumar Nepal နှင့် အဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်မှ ပုဂံ-ညောင်ဦးလေဆိပ်သို့ ရောက်ရှိလာရာ ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်စီမံအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် ရွှေစည်းခုံစေတီတော်သို့ရောက်ရှိကြကာ လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး ဘုရားဝင်းအတွင်းရှိ ဘုရင့်နောင်ခေါင်းလောင်းတော်ကြီးအား ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ရှေးဟောင်းသုတေသနပြတိုက် (ပုဂံ) သို့ ရောက်ရှိကြပြီး အထူးပင်မပြခန်းတွင် ပြသထားသည့် ရှေးဟောင်းဆင်းတုတော်များအား ကြည့်ရှုလေ့လာကြကာ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ရှုခင်းများအား နန်းမြင့်မျှော်စင်ပေါ်မှ ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် အာနန္ဒာမြတ်စွာဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး အာနန္ဒာဘုရားတောင်ဘက်စောင်းတန်းသို့ရောက်ရှိရာ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ရေပုတ်ကြီးကျေးရွာစရစ်ဝိုင်း ပျိုမေလေးများက ကြိုဆိုကြပြီး မြန်မာ့ရိုးရာသနပ်ခါးသွေး၍ လိမ်းခြယ်ပုံ အဆင့်ဆင့်နှင့် ဆံရစ်ဝိုင်းပြုလုပ်ပုံအဆင့်ဆင့်တို့ကို လက်တွေ့ပြုလုပ်ပြသရာ နီပေါနိုင်ငံဝန်ကြီးချုပ်ဟောင်း Mr.Madhav Kumar Nepal နှင့် ဇနီး၊ အိန္ဒိယနိုင်ငံ မဟာဗျူဟာရေးရာ လေ့လာသုံးသပ်သူ Mr.Atul Aneja နှင့် ဇနီးတို့က ကြည့်ရှုအားပေးပြီး ကိုယ်တိုင်ပါဝင်လိမ်းခြယ်ကြသည်။

ဆက်လက်၍ သဗ္ဗညုမြတ်စွာဘုရားနှင့် ဖူးဘုရားတို့အား ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

ဒီပါလင်း





❖ စာမျက်နှာ ၇ မှ

ရည်မှန်းချက်(၆) သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ရည်မှန်းချက်(၉) စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော စက်မှုအသွင်ကူးပြောင်းရေးနှင့် တီထွင်ဆန်းသစ်မှုများအားပေးရေး၊ ရည်မှန်းချက်(၁၀) အဖွဲ့ဝင်နိုင်ငံများအကြား မညီမျှမှုများလျော့ချရေး၊ ရည်မှန်းချက်(၁၁) မြို့ပြများ ဘေးကင်းလုံခြုံ၍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ရည်မှန်းချက်(၁၅) ဂေဟစနစ်၊ သစ်တော၊ မြေဆီလွှာနှင့် ဇီဝမျိုးစိတ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ရည်မှန်းချက်(၁၆) ငြိမ်းချမ်းသောလူမှုအဖွဲ့အစည်းများ အားပေးထူထောင်ရေးတို့ကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ခဲ့ပါကြောင်း ဂုဏ်ပြုဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံမှ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးတွဲဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခြင်း

မြန်မာနိုင်ငံသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အလှည့်ကျပူးတွဲဥက္ကဋ္ဌတာဝန်ကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၂၄ ရက်နေ့တွင် ကျင်းပခဲ့သော တတိယအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြေါင်းဆောင်များအစည်းအဝေးတွင် လာအိုနိုင်ငံထံမှ လွှဲပြောင်းလက်ခံခဲ့ပါသည်။ ထို့နောက် စတုတ္ထအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြေါင်းဆောင်များအစည်းအဝေးကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် Video Conferencing စနစ်ဖြင့် လက်ခံကျင်းပခဲ့ပြီး ထိပ်သီးအစည်းအဝေးရလဒ်များအဖြစ် နေပြည်တော်ကြေညာစာတမ်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ငါးနှစ်တာ လုပ်ငန်းအစီအစဉ် (၂၀၂၃-၂၀၂၇) နှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု တီထွင်ဆန်းသစ်မှု စကြိုဖွံ့ဖြိုးတိုးတက်ရေး ပူးတွဲအစီအစဉ်တို့ကို အတည်ပြုကြေညာနိုင်ခဲ့ပါသည်။ အစည်းအဝေးတွင် အလှည့်ကျပူးတွဲဥက္ကဋ္ဌတာဝန်ကို ထိုင်းနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးတွဲဥက္ကဋ္ဌတာဝန်ယူစဉ် ကာလအတွင်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဆိုင်ရာအစိုးရ/ အုပ်ချုပ်ရေးအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်ရေး၊ တိုင်းရင်းဆေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်ရေးနှင့် အကောက်ခွန်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ စိုက်ပျိုးရေးနှင့်စားနပ်ရိက္ခာလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး၊ လူ့အဖွဲ့အစည်းများအကြား အပြန်အလှန်သင်ယူမှုနှင့် အမြင်ချင်းဖလှယ်မှုတိုးမြှင့်ရေးနှင့်နည်းပညာနှင့်တီထွင်ဆန်းသစ်မှုဖွံ့ဖြိုးတိုးတက်ရေး စသည့်ကဏ္ဍများတွင် ဦးစားပေး ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုနှင့် မျှဝေသောအနာဂတ်

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ဖွံ့ဖြိုးတိုးတက်မှု ဦးစားပေးကြွေးကြော်သံ (Development First) ဆောင်ပုဒ်နှင့်အညီ မျှဝေသောအနာဂတ်နှင့်အတူ ပိုမိုနီးကပ်သည့် အသိုက်အဝန်းတစ်ခု ထူထောင်သွားရေး၊ ပိုမိုချိတ်ဆက်နိုင်မည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု စကြံတစ်ခု တည်ဆောက်သွားရေး၊ ပိုမိုစိတ်ချလုံခြုံ၍ ဖွံ့ဖြိုးတိုးတက်သော ပတ်ဝန်းကျင်တစ်ခု တည်ဆောက်သွားရေး၊ ဒစ်ဂျစ်တယ်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများသို့ ဦးတည်လှုပ်ရှားရေး၊ ပိုမိုထူးခြားသည့် ဝိသေသလက္ခဏာရပ်များဖြင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ပြည်သူအချင်းချင်း အပြန်အလှန်ဆက်သွယ်ရေးတို့ကို ထိရောက်စွာဆောင်ရွက်သွားရေးနှင့် အလုံးစုံပါဝင်သော ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဖော်ဆောင်သွားရေးတို့ကို ဦးစားပေးလုပ်ငန်းရပ်များအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ကိုးနှစ်တာကာလတစ်လျှောက် ပူးပေါင်းဆောင်ရွက်မှုရလဒ်များသည် အောင်မြင်သော ဒေသတွင်းပေါင်းစည်းမှုလုပ်ငန်းစဉ်များ၏ ဝိသေသလက္ခဏာများဖြစ်သည့် အဖွဲ့ဝင်နိုင်ငံများ၏ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုအပေါ် ရပ်တည်ချက်သဘောထားတူညီမှု၊ ဒေသတွင်းအဖွဲ့အစည်းများအကြား အပြန်အလှန်အကျိုးပြုမှု၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် ရန်ပုံငွေထူထောင်ထားရှိမှုနှင့် စနစ်ကျသော ပူးပေါင်းဆောင်ရွက်မှုမူဘောင် ချမှတ်ဆောင်ရွက်မှု စသည်တို့နှင့် ကိုက်ညီမှုရှိသဖြင့် အောင်မြင်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး ဒေသတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုနိုင်ခဲ့ပါကြောင်း ဂုဏ်ပြုဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုတွင် တာဝန်သိ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် တက်ကြွစွာပါဝင်၍ အဖွဲ့ဝင်နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှု၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်မှု၊ အပြန်အလှန်ယုံကြည်မှု၊ သာတူညီမျှရှိမှု စသည့်မူများအပေါ် အခြေခံကာ ဒေသတွင်းပေါင်းစည်းမှုကို ဦးစားပေးမူဝါဒတစ်ရပ်အဖြစ် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အတူ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများမှရရှိသည့် ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများကို အကျိုးရှိစွာအသုံးချ၍ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးတို့ကို တစ်ပြိုင်နက်ဖော်ဆောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်သကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (Global Development Initiative)၊ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအစဉ် (Global Security Initiative)နှင့် ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှုအစီအစဉ်(Global Civilization Initiative)တို့တွင်လည်း တက်ကြွစွာပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထပ်လောင်းဖော်ပြ၍ (၉)နှစ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုအပ်ပါသည်။ ။

ကိုးကား -

- ASEAN Economic Integration Brief, ASEAN Secretariat, June 2017.
- Infrastructure Connectivity and Regional Economic Integration in East Asia: Progress and Challenges, Hong Yu, East Asian Institute, National University of Singapore, Journal of Infrastructure, Policy and Development (2017).

ပြည်ထောင်စုဝန်ကြီးဦးမြင့်ကြိုင် တောင်ကြီးမြို့နယ်အတွင်း ပန်းခင်းစီမံချက်အဆင့် (၃) ဆောင်ရွက်နေမှု ကြည့်ရှုအားပေး

နေပြည်တော် မတ် ၂၂

မြေပြင် ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ရှမ်းပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မင်းကျောင်းဘုန်းတော်ကြီး ကျောင်း၌ တောင်ကြီးမြို့နယ် ဦးစီးမှူးရုံးဝန်ထမ်းများက ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်အဆင့် (၃)ဖြင့် လုပ်ငန်းစဉ်အဆင့်အလိုက် နိုင်ငံသား စိစစ်ရေးကတ်ပြား စိစစ်ဆောင်ရွက်ပေးနေမှု၊ နိုင်ငံသားကတ်ပြား ရရှိသူများအား e-ID စနစ်ဖြင့် ကိုယ်ရေးအချက်အလက်(Biographic)နှင့် ဇီဝဆိုင်ရာအချက်အလက် (Bio metric) ကောက်ယူ၍ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ် တစ်ပါတည်း ထုတ်ပေးဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားပြီး လာရောက်ဆောင်ရွက်ကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်နယ်အစိုးရအဖွဲ့ အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှု ကော်မတီဝင်များနှင့် တွေ့ဆုံညှိနှိုင်းသည့် အစည်းအဝေးသို့ တက်ရောက်သည်။



အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ်တစ်ခုလုံး အနေဖြင့် ပန်းခင်းစီမံချက် အဆင့် (၁)နှင့် အဆင့်(၂)တွင် ရာနှုန်းပြည့် နီးပါးဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အဆင့်(၃)တွင် အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်ရန် ကျန်ရှိမှုနှင့်ထပ်မံ၍ အသက် ၁၈ နှစ်ပြည့်လာမည့် သူများအတွက် ယခုပန်းခင်းစီမံချက် အဆင့်(၃) ဖြင့် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၃၁ ရက်အထိ ဆောင်ရွက်ရန် ရှမ်းပြည်နယ်တစ်ခုလုံးအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား စုစုပေါင်း တစ်သိန်းခုနစ်သောင်း ကျော်ထုတ်ပေးရန် လျာထား ဆောင်ရွက်လျက် ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်အတွင်း မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရရှိသည့် လူဦးရေအချက်အလက်များ ပြည့်စုံမှန်ကန်ရေးနှင့် သတ်မှတ်ချိန်အမီတင်ပြနိုင်ရေး စိစစ်ပြင်ဆင် ဆောင်ရွက်နေမှု၊ ပန်းခင်းစီမံချက် အဆင့်(၃) လျာထား သတ်မှတ်ချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ယာယီရွှေ့ပြောင်းနေထိုင်လာသူများ စာရင်းကောက်ယူပြုစုထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ယင်းနောက် တာဝန်ရှိသူများက လုပ်ငန်းများ အောင်မြင်ရေးအတွက် ကဏ္ဍအလိုက်ဆောင်ရွက်နေမှု၊ မဲစာရင်းမှန်ကန်ရေးနှင့် ကိုင်ဆောင်ကတ်ပြား တစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေး ဆောင်ရွက်နေမှုနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်း ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆက်လက်၍ တောင်ကြီးမြို့ မြန်မာနိုင်ငံ ဆရာဝန်များအသင်းရုံး၌ ပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ရုံးများမှ ဦးစီးမှူးများနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ယာယီရွှေ့ပြောင်းရောက်ရှိနေကြသည့် ဝန်ထမ်းများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပန်းခင်းစီမံချက် အဆင့်(၃) လျာထားချက်ပြည့်မီပြီးစီးရေးတို့အတွက် ဒေသအာဏာပိုင်များ၊ ဆက်စပ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှု၊ ပြည်သူများ လာရောက်ဆောင်ရွက်ရာတွင် အဆင်ပြေစွာဝန်ဆောင်မှုပေးနိုင်ရေး လုပ်ငန်းစဉ်တိုင်းကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်း ဆောင်ရွက်ပေးပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်တိုက်ဖျက်ရေး ဆွေးနွေးဟောပြောပွဲပြုလုပ်

ရန်ကုန် မတ် ၂၂

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်)နှင့် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်တိုက်ဖျက်ရေးဆွေးနွေးဟောပြောပွဲကို မတ် ၁၉ ရက် နံနက် ၁၁ နာရီက အင်းစိန်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်)လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းနှင့် မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်တို့က မေးမြန်းဆွေးနွေးသူများအဖြစ် ဆောင်ရွက်၍ အင်းစိန်မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်းဒုတိယဥက္ကဋ္ဌ (၂)၊ စာရေးဆရာ၊ သတင်းစာဆရာ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)က ဖြေကြားဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ကူညီပူးပေါင်းဆောင်ရွက်၍ တာဝန်သိသိ၊ သစ္စာရှိရှိအမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်နေမှုများကို စိတ်ဝင်စားဖွယ် ဆွေးနွေးဟောပြောသည်။

အဆိုပါဆွေးနွေးဟောပြောချက်များကို ခရိုင်(ပြန်/ဆက်)ဦးစီးဌာန(အင်းစိန်) မီဒီယာအွန်လိုင်းမှတစ်ဆင့် ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြင့်ဦး

အောင်ဆုမွန်တောင်း

(.....တပ်မတော်ကြီးလည်း ချီလာပါပြီ၊
အောင်တပ်မတော်ကြီးလည်း ချီလာပါပြီ၊
မြန်မာအာဏာနည်၊ ကမ္ဘာမှာတာရှည်၊
ခိုင်မာအောင်သာ ငါတို့ကြဆောင်မည်၊
အောင်ပြီ.....)

❁ သံပြိုင်သီ ချီလာကြ
ကြည်သာလှ ပြီးပန်းဆင်၊
ဘယ်ညာညီ ရင်ပေါင်တန်းကာ
လန်းဆန်းလို့ရှင်၊
ခရီးလမ်းမှာလ
မည်းတမ်း အတူယှဉ်
ဖြူစင်တဲ့စိတ်ထား။
မြန်မာ့တပ်မတော် အောင်လံလွှင့်
ရဲရင့်ဝံ့စား။

❁ မြန်မာ့တပ်မတော် ခရီးလမ်း
ခရီးကြမ်း လျှောက်ခဲ့ရာ၊
နိုင်ငံတော် ကာကွယ်ရေးနဲ့
ပြည်သူတွေ စည်သာအေးဖို့
လေးနက်ဝန်တာ၊
အခက်အခဲကိုလ
လက်တွဲလို့ ကျော်လွှားကာ
အောင်မြင်စွာ ဆောင်ထမ်း။
အရေးသုံးလီ ဦးထိပ်ရွက်
ရှေ့ဆက်ချီလှမ်း။

❁ နိုင်ငံ့ဝန် ပြည်သူ့အကျိုးကိုလ
သယ်ပိုးဖို့ သန္နိဋ္ဌာန်၊
နိုင်ငံအတွက်ရယ်နဲ့
ပြည်သူအတွက် အသက်ပေးလို့
လုပ်ကျွေးပြုရန်၊
သွက်လက်လို့ လျင်မြန်
ရှင်သန်တဲ့ အမျိုးသားရေး။
မယိမ်းယိုင် မတိမ်းစောင်းအောင်
ထိန်းကျောင်းလို့ပေး။

❁ အောင်တေးသီ အောင်သံကျူးလို့
အောင်လံမြူး အောင်ပန်းဝေ
အောင်မှုဆောင်နေ၊
အောင်ကမ္ဘည်းရယ်နဲ့
အောင်ခရီး အောင်စည်ဝေ
အောင်ပြီလေ အောင်အပေါင်း။
အောင်တပ်မတော် အောင်ဇေယျတုရယ်လို့
အောင်ဆုမွန်တောင်း။ ။

ရေနံသာမောင်ကျော်ညွှန့်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဇေ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆင်ခြင်နေ့ ကျောင်းသား ကျောင်းသူများ ဇီဝဗေဒနှင့် ဘောဂဗေဒဘာသာရပ် အေးချမ်းစွာဖြေဆိုနေမှု ကြည့်ရှုအားပေး



ရန်ကုန် မတ် ၂၂

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဇေသည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်းရှိ စာစစ်ဌာနသို့ သွားရောက်၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆင်ခြင်နေ့တွင် ဇီဝဗေဒနှင့် ဘောဂဗေဒဘာသာရပ် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့ရည်မှန်းထားသည့် ရည်မှန်းချက်များအတိုင်း ဖြစ်လာစေရန် ပညာသင်နှစ်အတွင်း ကြိုးစား ကျက်မှတ်လေ့လာသင်ယူခဲ့သည့် သင်ခန်းစာများကို ကြိုးစားဖြေဆိုကြစေလိုကြောင်း အားပေးစကား ပြောကြားပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် စမ်းချောင်းမြို့နယ် အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း လမ်းမတော်မြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် တာမွေမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းများရှိ စာစစ်ဌာနများသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တက္ကသိုလ် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ စင်တာ (Center for Research and Innovation) ရှိ Innovative Biophysics Lab နှင့် Molecular Lab ခန်းများတွင် အသုံးပြုလျက်ရှိသည့် သုတေသနဓာတ်ခွဲခန်းသုံး စက်ပစ္စည်းများနှင့် ဓာတ်ခွဲခန်းများတွင် ဆောင်ရွက်နေသည့် သုတေသနလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ၂၀၂၄-၂၀၂၅ တက္ကသိုလ်ဝင်စာမေးပွဲတွင် စာစစ်မှူးချုပ်တာဝန်ယူဆောင်ရွက်ကြသည့် တက္ကသိုလ်အသီးသီးမှ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပြည်မြို့နယ်ရှိ စာစစ်ဌာနများ၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှု ကြည့်ရှုအားပေး



ပြည် မတ် ၂၂

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်း/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပြည်မြို့နယ်ရှိ စာစစ်ဌာနများ၌ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ တက္ကသိုလ်ဝင်စာမေးပွဲ (နောက်ဆုံးနေ့)ဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှု အားပေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်မြို့ အထက(၁)နှင့် အထက(၅)စာစစ်ဌာနတို့သို့ သွားရောက်ကာ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ ဇီဝဗေဒ ဘာသာရပ်နှင့် ဘောဂဗေဒ ဘာသာရပ် ဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး စာမေးပွဲ ဖြေဆိုပြီးချိန် ကျောင်းသား ကျောင်းသူများ မိမိတို့နေအိမ်သို့ ဘေးအန္တရာယ်ကင်းရှင်းစွာ ပြန်လည်ရောက်ရှိစေရေး ပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားပြီး ကြီးကြပ်ရေးမှူး ဆရာ ဆရာမများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ပြည်မြို့နယ်တွင် မတ် ၁၇ ရက်မှစတင်၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို အထက(၁)၊ အထက(၅)၊ အထက (ဝက်ထီးကန်)နှင့် အထက(ပေါင်းတလည်) အစရှိသည့် စာစစ်ဌာန ငါးခုခွဲ ကျင်းပလျက်ရှိပြီး အဆိုပါစာစစ်ဌာန ငါးခုခွဲ ဖြေဆိုရန်လျှောက်လွှာ တင်သွင်းထားသူ စာရင်းရှိ ၁၆၃၂ ဦးအနက် ယနေ့တွင် ၁၅၅၈ ဦး ဝင်ရောက်ဖြေဆိုကြ၍ ဖြေဆိုမှုရာခိုင်နှုန်းမှာ ၉၅ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)

ညောင်လေးပင်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ နောက်ဆုံးနေ့ အေးချမ်းစွာ ဖြေဆိုပြီးစီး

ညောင်လေးပင် မတ် ၂၂

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၇ ရက်မှ ၂၂ ရက်အထိ အေးချမ်းစွာ ဖြေဆိုပြီးစီးခဲ့ကြောင်း သိရသည်။



ညောင်လေးပင်မြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရန်အတွက် ညောင်လေးပင်မြို့ အထက(၁)စာစစ်ဌာနနှင့် ပြွန်တန်ဆာမြို့ အထက(၂)စာစစ်ဌာနနှစ်ခုဖွင့်လှစ်ထားရှိပြီး ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၁၀၉၅ ဦးစာရင်းရှိ ပြီး ပထမနေ့မှနောက်ဆုံးနေ့အထိ ဝင်ရောက်ဖြေဆိုသူ ၁၀၄၀ ရှိကာ ၅၅ ဦးပျက်ကွက်၍ နောက်ဆုံး ဘာသာရပ်နေ့တွင် ဖြေဆိုသူရာခိုင်နှုန်း ၉၄ ဒသမ ၅၆ ရာခိုင်နှုန်း ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ပူးပေါင်းဆောင်ရွက်

တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် ညောင်လေးပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များမှ ဦးဆောင်၍ ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးများ အနီးကပ်ကြီးကြပ်ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

ဟင်္သာတမြို့ ဆာကူရာ (ပုဂ္ဂလိက)ဆေးရုံကြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

ဟင်္သာတ မတ် ၂၂

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ဆာကူရာအထူးကု ဆေးရုံကြီးတွင် ယနေ့နံနက်က မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် အရေးပေါ်မီးငြိမ်းသတ်ရေးပစ္စည်းများ အသင့်ပြင်ဆင်ထားရှိမှုတို့ကို တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနနှင့် ခရိုင်နှင့်မြို့နယ်တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခြင်းများ ပြုလုပ်ခဲ့သည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ ဒုတိယတိုင်းမီးသတ်ဦးစီးမှူး ဦးကိုကိုဦးက မီးလောင်ခြင်း အကြောင်းရင်းများနှင့် အရေးပေါ်မီးလောင်မှုဖြစ်ပွားလာပါက မီးငြိမ်းသတ်ရေးပစ္စည်းများအား စနစ်တကျကိုင်တွယ်ငြိမ်းသတ်နိုင်ရေး နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဆာကူရာ အထူးကုဆေးရုံကြီး(ဟင်္သာတ)မှ တာဝန်ရှိသူများက မိမိတို့ဆေးရုံကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် တပ်ဆင်ထားသော မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ၊ မီးသတ်ဆေးဘူးများ အသင့်တပ်ဆင်ထားရှိမှုတို့ကို ရှင်းလင်းပြောကြားရာ ဒုတိယတိုင်းမီးသတ်ဦးစီးမှူး ဦးကိုကိုဦးနှင့် ဟင်္သာတခရိုင်မီးသတ်ဦးစီးမှူး ဦးဟိန်းသူဟန်နှင့် တာဝန်ရှိသူများက မီးဘေးလုံခြုံရေးနှင့် အရေးပေါ်လွတ်မြောက်မှုဆိုင်ရာစနစ်များ တပ်ဆင်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ပြင်ပအလင်းရောင်ကို
အသုံးချပါ၊ မလိုအပ်သော
အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆင်ခြေမနေ့တွင် ဇီဝဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၈၅၄၃၄ ဦးနှင့် ဘောဂဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၂၃၀၁၈ ဦးရှိ

နေပြည်တော် မတ် ၂၂

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆင်ခြေမနေ့ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ နိုင်ငံခြားစာစစ်ဌာနအပါအဝင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဇီဝဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၈၅၄၃၄ ဦးနှင့် ဘောဂဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၂၃၀၁၈ ဦးရှိကြောင်း သိရသည်။

ယခုနှစ်တွင် ဇီဝဗေဒဘာသာရပ်၌ နိုင်ငံခြားစာစစ်ဌာန ၁၀ ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၇၆၅ ခု စာစစ်ဌာနစုစုပေါင်း ၇၇၅ ခု ဖွင့်လှစ်ဖြေဆိုရာ ဖြေဆိုခဲ့ရာ ဖြေဆိုရန်စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၈၈၈၄၈ ဦး ရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၈၅၄၃၄ ဦး၊ ပျက်ကွက်သူ ၃၄၁၂ ဦး ရှိသဖြင့် ဖြေဆိုသူရာခိုင်နှုန်းသည် ၉၆ ဒသမ ၁၆ ရာခိုင်နှုန်း၊ ဘောဂဗေဒဘာသာရပ်၌ နိုင်ငံခြားစာစစ်ဌာန လေးခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၈၀၄ ခု စာစစ်ဌာနစုစုပေါင်း ၈၀၈ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ ဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေစုစုပေါင်း ၁၃၁၉၅၅ ဦးရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၂၃၀၁၈ ဦး ၊ ပျက်ကွက် ၈၉၇၇ ဦးရှိသဖြင့် ဖြေဆိုသူ ရာခိုင်နှုန်းသည် ၉၃ ဒသမ ၂၀ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ် - ဇီဝဗေဒ

နေ့စွဲ - ၂၂-၃-၂၀၂၅

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	ခရိုင်	မြို့နယ်	စာစစ်ဌာန	စာရင်းရှိ			ဖြေဆို			ပျက်ကွက်			ဖြေဆိုရာခိုင်နှုန်း	ပျက်ကွက်ရာခိုင်နှုန်း	မှတ်ချက်
					ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း			
၁	ကချင်	၅	၉	၁၉	၉၂၈	၁၈၂၈	၂၀၅၆	၈၁၂	၁၆၄၇	၂၄၅၉	၁၁၆	၁၈၁	၂၉၇	၈၉.၂၂%	၁၀.၇၈%	
၂	ကယား	၁	၁	၁	၇	၂၄	၃၁	၆	၂၃	၂၉	၁	၁	၂	၉၃.၅၅%	၆.၄၅%	
၃	ကရင်	၆	၇	၁၁	၃၄၄	၈၅၂	၁၁၉၆	၃၂၈	၈၂၈	၁၁၅၆	၁၆	၂၄	၄၀	၉၆.၆၆%	၃.၃၄%	
၄	ချင်း	၂	၂	၂	၉၃	၁၆၆	၂၅၉	၇၅	၁၄၁	၂၁၆	၁၈	၂၅	၄၃	၈၃.၄၀%	၁၆.၆၀%	
၅	စစ်ကိုင်း	၁၃	၂၁	၃၅	၁၅၃၆	၂၅၀၉	၄၀၄၅	၁၄၄၄	၂၄၅၃	၃၉၀၇	၈၂	၅၆	၁၃၈	၉၆.၅၉%	၃.၄၁%	
၆	တနင်္သာရီ	၄	၉	၁၅	၃၅၈	၆၉၁	၁၀၄၉	၃၄၄	၆၇၈	၁၀၂၂	၁၄	၁၃	၂၇	၉၇.၄၃%	၂.၅၇%	
၇	ပဲခူး(ရှေ့)	၃	၁၄	၃၇	၁၉၉၈	၃၂၇၅	၅၂၇၃	၁၉၀၈	၃၁၉၉	၅၁၀၇	၉၀	၇၆	၁၆၆	၉၆.၈၅%	၃.၁၅%	
၈	ပဲခူး(နောက်)	၃	၁၄	၄၃	၁၀၇၃	၁၇၆၁	၂၈၄၄	၁၀၃၂	၁၇၂၀	၂၇၅၂	၄၁	၄၁	၈၂	၉၇.၁၁%	၂.၈၉%	
၉	မကွေး	၇	၂၂	၄၉	၃၃၀၀	၅၀၆၉	၈၃၆၉	၃၁၅၀	၄၉၇၂	၈၁၂၂	၁၅၀	၉၇	၂၄၇	၉၇.၀၅%	၂.၉၅%	
၁၀	မန္တလေး	၁၀	၂၅	၈၉	၇၉၇၇	၁၁၅၇၃	၁၉၅၅၀	၇၆၁၆	၁၁၃၀၉	၁၈၉၂၅	၃၆၁	၂၆၄	၆၂၅	၉၆.၈၀%	၃.၂၀%	
၁၁	မွန်	၄	၁၀	၂၃	၁၂၁၄	၂၅၀၃	၃၇၁၇	၁၁၇၆	၂၄၆၅	၃၆၃၁	၃၆	၃၈	၅၄	၉၇.၉၆%	၂.၀၄%	
၁၂	ရခိုင်	၃	၃	၇	၄၆၀	၅၅၀	၁၀၁၀	၂၀၇	၂၆၉	၃၈၆	၁၇၃	၂၄၉	၄၂၉	၅၁.၂၂%	၅၁.၇၈%	
၁၃	ရန်ကုန်	၁၄	၄၅	၉၀	၈၃၀၁	၁၁၃၄၈	၁၉၆၄၉	၇၉၀၁	၁၀၉၈၀	၁၈၈၈၁	၄၀၆	၃၆၈	၅၀၀	၉၆.၀၉%	၃.၉၁%	
၁၄	ရှမ်း(တောင်)	၈	၂၀	၆၆	၂၀၃၆	၄၂၄၂	၆၂၇၈	၁၉၇၈	၄၁၅၅	၆၁၃၆	၅၈	၈၄	၁၄၂	၉၇.၇၄%	၂.၂၆%	
၁၅	ရှမ်း(မြောက်)	၂	၃	၄	၁၇၀	၂၇၂	၄၄၂	၁၅၅	၂၆၉	၁၅၉	၁၁	၃	၁၄	၉၆.၈၃%	၃.၁၇%	
၁၆	ရှမ်း(ရှေ့)	၅	၈	၁၁	၂၁၃	၄၄၉	၆၆၂	၂၀၉	၄၄၃	၆၅၂	၄	၆	၁၀	၉၈.၄၉%	၁.၅၁%	
၁၇	ဧရာဝတီ	၈	၂၆	၂၁၆	၂၄၅၁	၄၄၀၄	၆၈၅၅	၂၃၅၉	၄၂၈၄	၆၆၄၃	၉၂	၁၂၀	၂၁၂	၉၆.၉၁%	၃.၀၉%	
၁၈	နေပြည်တော်	၄	၈	၄၇	၂၀၀၂	၂၈၅၈	၄၈၆၀	၁၉၄၅	၂၈၁၄	၄၇၅၉	၅၇	၄၄	၁၀၁	၉၇.၉၂%	၂.၀၈%	
၁၉	နိုင်ငံခြား			၁၀	၈	၅	၁၃	၈	၅	၁၃	၀	၀	၀	၁၀၀.၀၀%	၀.၀၀%	
စုစုပေါင်း		၁၀၂	၂၄၇	၇၇၅	၃၄၄၆၉	၅၄၃၇၉	၈၈၈၄၈	၃၂၇၅၇	၅၂၆၈၉	၈၅၄၃၄	၁၇၂၂	၁၆၉၀	၃၄၁၂	၉၆.၁၆%	၃.၈၄%	

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ် - ဘောဂဗေဒ

နေ့စွဲ - ၂၂-၃-၂၀၂၅

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	ခရိုင်	မြို့နယ်	စာစစ်ဌာန	စာရင်းရှိ			ဖြေဆို			ပျက်ကွက်			ဖြေဆိုရာခိုင်နှုန်း	ပျက်ကွက်ရာခိုင်နှုန်း	မှတ်ချက်
					ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း			
၁	ကချင်	၆	၁၂	၂၂	၂၉၆၇	၄၂၅၀	၇၂၁၇	၂၅၂၄	၃၂၁၉	၆၂၃၉	၄၄၃	၅၄၃	၉၇၈	၈၆.၄၅%	၁၃.၅၅%	
၂	ကယား	၁	၁	၁	၃၇	၇၃	၁၁၀	၃၆	၆၇	၁၀၃	၁	၆	၇	၉၃.၆၄%	၆.၃၆%	
၃	ကရင်	၆	၇	၁၁	၁၄၂	၁၅၄	၂၉၆	၁၄၆	၁၃၅	၂၄၁၆	၁၃	၇၃	၈၆	၉၃.၁၇%	၃.၆၉%	
၄	ချင်း	၂	၂	၂	၁၁၅	၁၈၂	၂၉၇	၁၃	၁၄	၂၉၇	၄	၆	၁၀	၆၄.၅၅%	၃၅.၃၅%	
၅	စစ်ကိုင်း	၁၃	၂၁	၃၁	၂၅၆၅	၃၆၆၅	၅၂၃၀	၂၄၈၈	၃၅၆၇	၆၂၆၀	၈၇	၉၀	၁၈၇	၉၅.၁၃%	၄.၈၇%	
၆	တနင်္သာရီ	၄	၉	၁၆	၁၃၇၀	၂၃၃၈	၃၆၀၈	၂၀၇၇	၂၄၄၂	၄၅၂၅	၉၃	၉၆	၁၈၉	၉၄.၉၀%	၅.၁၀%	
၇	ပဲခူး(ရှေ့)	၃	၁၄	၁၇	၁၇၁၂	၄၅၂၆	၆၂၀၇	၂၄၅၅	၃၄၁၆	၅၉၂၆	၁၄၆	၁၉၁	၂၄၆	၉၄.၃၅%	၅.၆၅%	
၈	ပဲခူး(နောက်)	၃	၁၄	၄၅	၂၃၂၆	၄၀၀၉	၆၃၃၈	၃၀၆၇	၃၈၄၃	၆၉၁၀	၂၆၂	၁၆၆	၂၄၂	၉၄.၁၇%	၅.၈၃%	
၉	မကွေး	၇	၂၂	၄၉	၄၅၆၁	၅၈၀၉	၁၀၂၃၁	၅၂၃၄	၅၄၀၅	၉၇၀၉	၃၂၇	၃၉၉	၇၂၂	၉၄.၉၀%	၅.၁၀%	
၁၀	မန္တလေး	၁၀	၂၅	၈၉	၁၇၉၆	၈၄၅၄	၁၅၉၅၀	၁၀၄၆	၈၂၆၂	၁၅၄၃၁	၄၄၄	၁၉၂	၆၃၉	၉၅.၉၉%	၄.၀၁%	
၁၁	မွန်	၄	၁၀	၂၃	၁၉၅၂	၄၆၃၃	၉၆၃၄	၁၈၂၈	၄၅၀၁	၆၃၄၉	၁၂၄	၁၈၀	၃၀၄	၉၄.၆၀%	၅.၀၀%	
၁၂	ရခိုင်	၃	၃	၈	၉၅၅	၁၂၉၅	၂၂၅၀	၄၅၁	၅၅၀	၅၅၂၅	၅၀၆	၂၂၅	၂၈၂	၅၂.၀၈%	၅၆.၉၂%	
၁၃	ရန်ကုန်	၁၄	၄၅	၄၅	၉၄၀၁	၁၀၁၁၀	၁၉၆၁၄	၈၇၀၀	၉၆၄၄	၁၈၈၄၄	၇၂၇	၄၇၄	၁၂၁၀	၉၃.၈၈%	၆.၁၂%	
၁၄	ရှမ်း(တောင်)	၈	၂၀	၆၆	၂၈၀၆	၃၆၉၄	၆၅၀၀	၂၆၅၇	၃၆၀၀	၆၅၇၆	၁၄၉	၁၄၉	၂၄၃	၉၆.၂၆%	၃.၇၄%	
၁၅	ရှမ်း(မြောက်)	၂	၃	၄	၁၀၃	၃၄၄	၄၄၇	၉၅	၁၃၅	၂၂၀	၈	၉	၁၇	၉၃.၁၂%	၆.၈၈%	
၁၆	ရှမ်း(ရှေ့)	၆	၉	၁၂	၄၆၅	၆၀၈	၁၀၈၃	၄၄၂	၆၀၁	၁၀၄၃	၂၃	၁၇	၁၀၃	၉၆.၃၀%	၃.၆၉%	
၁၇	ဧရာဝတီ	၈	၂၆	၂၄	၄၆၅၆	၆၉၉၁	၁၀၄၀၇	၁၃၂၉	၁၄၂၆	၂၅၂၅	၁၀၃	၁၀၈	၁၈၃	၉၃.၃၂%	၆.၆၈%	
၁၈	နေပြည်တော်	၄	၈	၄၇	၃၀၆၆	၄၃၃၈	၇၁၇၃	၂၅၂၃	၄၂၅၀	၆၇၇၃	၂၀၅	၂၀၅	၄၁၀	၉၆.၃၇%	၃.၆၃%	
၁၉	နိုင်ငံခြား			၄	၅	၃	၈	၂	၅	၇	၀	၀	၀	၁၀၀.၀၀%	၀.၀၀%	
စုစုပေါင်း		၁၀၄	၂၅၁	၈၀၈	၅၈၅၃၉	၅၃၅၀၈	၁၂၃၉၄၇	၅၂၄၁၂	၆၄၆၀၆	၁၂၃၀၁၈	၅၀၂၃	၃၉၄၄	၆၉၇၇	၉၃.၂၀%	၆.၈၀%	

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းကြည့်ရှု

နေပြည်တော် မတ် ၂၂

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်းကျေးရွာအုပ်စု မယ်ဇလီကုန်းကျေးရွာရှိ မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်း လီမိတက်(MAPCO) ဆန်စက်ဝင်းအတွင်း၌ ဦးသန်းဇော်ဦး ၏ ဒေသန္တရ အကောင် ၆၀၊ အသားတိုးနွား(ဘရန်မင်)အကောင် ၂၀ ကို ခြံလှောင်စနစ်ဖြင့် မွေးမြူထားရှိမှု အခြေအနေကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မြန်မာနိုင်ငံ လယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO) ဆန်စက်မှ ဆန်များကြိတ်ခွဲထားရှိမှုနှင့် ဆန်စက်ဝင်းအတွင်း တည်ဆောက်နေသည့် Myanmar Rice Bran Oil Co.,ltd. ဖွဲနုဆီနှင့် စားသုံးဆီထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်) တည်ဆောက်ရေးလုပ်ငန်းခွင်၌ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာအုပ်စု သစ်ဆိမ့်ပင်ကျေးရွာ ကွင်းအမှတ် ၁၇၂၁ တွင် နွေစပါး မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနေမှု၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာပေါင်းစပ်သုံးစွဲခြင်း သရုပ်ပြသခြင်းကို ကြည့်ရှုအားပေးပြီး နေပြည်တော်အတွင်း အရည်အသွေးကောင်းမွန်သည့် ပေါ်ဆန်းမွေးစပါးမျိုးကို တိုးချဲ့စိုက်ပျိုးကြစေလိုကြောင်း၊ စိုက်ပျိုးရေများကို စနစ်တကျ အလေအလွင့်မရှိစေရေး၊ သီးထပ်စွမ်းအား များ တိုးတက်ရေး၊ သီးထပ်သီးညှပ်စိုက်ပျိုးရေးတို့ကို အလေးထားဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာအုပ်စု ပေါက်တောကျေးရွာရှိ ပိုင်ရှင် ဒေါ်ပြုံးသက်ပိုင်၏ ဥစားကြက် အကောင် ၃၀၀၀ နှင့် အသားတိုးကြက် အကောင် ၂၀၀၀ မွေးမြူရေးလုပ်ငန်း



နှင့် ဇေယျာသီရိမြို့နယ် ရှားစေးဖိုကျေးရွာ ကွင်းအမှတ် (၁၆၁၈) တွင် TBL မျိုးစေ့ထုတ်ကုမ္ပဏီက TBL– KTK1 ချည်မျှင်ရှည်ဝါ စပ်မျိုးထုတ်စိုက်ခင်းတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆင်ခွင့်မနေ့အဖြစ် ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်တို့ကို ဆက်လက်ဖြေဆို

နေပြည်တော် မတ် ၂၂

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၇ ရက်က စတင်ကျင်းပလျက်ရှိရာ ယနေ့တွင် ဆင်ခွင့်မနေ့အဖြစ် ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်တို့ကို တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

စောင့်ကြပ်ကြည့်ရှု

ဦးစွာ စာမေးပွဲဖြေဆိုခြင်းမပြုမီ ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်/မမှန် စစ်ဆေးခြင်းများနှင့် လိုအပ်သည့် စစ်ဆေးမှုများကို စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြသည်။ ယင်းသို့ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့် အပြင်တို၌ သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျ စောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။

ယခုနှစ်တွင် ဇီဝဗေဒဘာသာရပ်အား နိုင်ငံခြားစာစစ်ဌာန ၁၀ ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၇၆၅ ခု စုစုပေါင်း ၁၂၃၀၁၈ ဦးရှိကာ ဖြေဆိုသူ ၉၃ ဒသမ ၂၀ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။



ကြည့်ရှုအားပေး

ထိုသို့ ကျောင်းသား ကျောင်းသူများ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုနှင့်ပတ်သက်၍ စကားသံများကိုလည်း အခွဲကဲ့သို့ ကြားသိခဲ့ရပါသည်-

(၁)ကျောင်းသူ

အခုဖြေဆိုတဲ့ ဇီဝဗေဒဘာသာရပ်မှာတော့ ကျေနပ်အားရမှု ရှိခဲ့ပါတယ်။ အခက်ခဲဆုံး ဖြစ်ခဲ့ရတာကတော့ သချိၤဘာသာရပ်ပါ။ ဒါပေမဲ့ အကောင်းဆုံးတော့ ဖြေဆိုခဲ့ပါတယ်။ ရည်မှန်းချက်ကတော့ အမျိုးသမီး ဗိုလ်လောင်းဖြစ်ချင်ပါတယ်။ အခုတော့ ဇီဝဗေဒဘာသာရပ်မှာတော့ ဂုဏ်ထူးမှတ်ပါစေချင်ပါတယ်။ ပါအောင်လည်း ကြိုးစားခဲ့ပါတယ်။ တကယ်လို့ ပါခဲ့လို့ရှိရင်လည်း အမျိုးသမီး ဗိုလ်လောင်း လျှောက်မှာပါရှင့်။ ကိုယ့်ကိုယ်ကိုယ်တော့ ယုံကြည်ထားတယ်။ အကောင်းဆုံးတော့ ဖြေခဲ့ပါတယ်။

(၂)ဆရာ

ကျွန်တော်ကတော့ ဒီမှာ ကြီးကြပ်ရေးမှူး တာဝန်ကို တာဝန်ယူထားပါတယ်။ ဒီနေ့ ဖြေတဲ့ ဘာသာကတော့ ဇီဝဗေဒနဲ့ ဘောဂဗေဒဘာသာရပ် ဖြစ်ပါတယ်။ ဇီဝဗေဒဘာသာရပ်ကို လာရောက်ဖြေဆိုသူ ၁၆၂ ဦး ရှိပါတယ်။ ရှစ်ယောက် ပျက်ကွက်ပါတယ်။ ဘောဂဗေဒဘာသာရပ်ကိုတော့ လာရောက်ဖြေဆိုသူ ၁၈၃ ဦးရှိပါတယ်။ ၁၄ ဦး ပျက်ကွက်ပါတယ်။ ကျွန်တော် လိုက်ပြီးတော့ ကြည့်ရှုကြီးကြပ်နေစဉ်မှာတော့ သူတို့တတ်နိုင်တဲ့ အင်အားလေးတွေနဲ့ အခုလို ဖြေဆိုကြတယ်။ သူတို့ကျက်မှတ်ထားတဲ့ဟာလေးတွေ ဖြေဆိုကြတယ်။ ဖြေပြီးတော့ ထွက်လာတဲ့အခါမှာလည်း အားလုံးက ပြုံးပြုံးရွှင်ရွှင် ပျော်ပျော်ရွှင်ရွှင်နဲ့ ငါက ဘယ်လောက်ဖိုး မင်းဘယ်လောက်ဖိုး ဘယ်နှမှတ် ရလဲ အကုန်တိုက်ပြီးတော့ ပျော်ပျော်ရွှင်ရွှင် ထွက်လာတာလည်း တွေ့ရှိရပါတယ်။ အဲဒါကြောင့် သားတွေ သမီးတွေ ဒီနေ့ ဖြေဆိုထားတဲ့ဇီဝဗေဒဘာသာရပ်နဲ့ ဘောဂဗေဒဘာသာရပ်ကို ဖြေဆိုသူ ကျောင်းသား ကျောင်းသူတွေ အားလုံး ဖြေဆိုနိုင်ပြီး အောင်မြင်နိုင်ကြပါစေလို့ ကျွန်တော့်အနေနဲ့ ဆုတောင်းပေးပါတယ်။

သတင်းစဉ်







လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန သုံးခွမြို့နယ် ဦးစီးမှူး ဦးထွန်းဆွေနှင့် ဝန်ထမ်းများက ပန်းခင်းစီမံချက်အဆင့်(၃) ဖြင့် မတ် ၂၂ ရက် နံနက် ၉ နာရီတွင် ရန်ကုန် တိုင်းဒေသကြီး သုံးခွမြို့နယ် တင်းတောင်းချောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးစဉ်။ ကိုကျော်(သုံးခွ)



ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၄) ရပ်ကွက် ရန်ကုန်-ပုသိမ် အဝေးပြေး ကားလမ်းဘေးရှိ REGENCY စက်သုံးဆီဆိုင်၌ မတ် ၂၂ ရက် နံနက်ပိုင်းက မြို့နယ် မီးသတ်ဦးစီးမှူး ဦးတင်ဝင်းနှင့် သန္ဓေတပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေး စစ်ဆေးစဉ်။

ဝင်းကြိုင်(ပြန်/ဆက်)

အမေရိကန်ပညာရေးဝန်ကြီးဌာန ဖျက်သိမ်းသည့်အမိန့် သမ္မတ ထရမ့် လက်မှတ်ရေးထိုးထုတ်ပြန်

ဝါရှင်တန် မတ် ၂၂

အမေရိကန်ပညာရေးဝန်ကြီးဌာန ဖျက်သိမ်းသည့်အမိန့်ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မတ် ၂၀ ရက်တွင် လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ပညာရေးဆိုင်ရာလုပ်ပိုင်ခွင့်များကို ပြည်နယ်များသို့ ပြန်လည်လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း ယခုလက်မှတ်ရေးထိုးခဲ့သည့် အမိန့်တွင် ဖော်ပြပါရှိသည်။

အစိုးရသည် ပညာရေးဝန်ကြီးဌာနဖျက်သိမ်းခြင်းကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်မည်ဟု ထရမ့်ကပြောကြားသည်။ ပညာရေးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် အမေရိကန် ကျောင်းသားများ၏ ဘာသာရပ်များ သင်ကြားတတ်မြောက်မှုသည် အားရကျေနပ်ဖွယ်မရှိကြောင်း ထရမ့်က ပြောကြားသည်။ ထို့ပြင် ဝင်ငွေနည်းကျောင်းသားများအတွက် ငွေကြေးထောက်ပံ့သည့်အစီအစဉ်ကိုလည်း ရပ်ဆိုင်းမည်ဟု သိရသည်။



ကိုးကား- ဆင်ဟွာ

ဘာသာပြန်- အောင်ကျော်ကျော်

ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးများက အနာဂတ်ဦးတည်သော ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် သဘောတူညီ

တိုကျို မတ် ၂၂

ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးများသည် ဘုံပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာတွင် အနာဂတ်ဦးတည်သော ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် သဘောတူညီခဲ့ကြပြီး ဂျပန်နိုင်ငံ၌ သုံးနိုင်ငံထိပ်သီးအစည်းအဝေးကို တတိနိုင်သမျှ စောစီးစွာကျင်းပရန် ယနေ့ ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး အီဝါယာ တာကီရှိ၊ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီနှင့် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ချိုတီယူ တို့သည် ယနေ့ နံနက်ပိုင်းတွင် တိုကျို‌ဖြို့တော်၌ တွေ့ဆုံခဲ့သည်။

အိမ်နီးချင်းနိုင်ငံအနေဖြင့် သုံးနိုင်ငံသည် တစ်ခါတစ်ရံ ခက်ခဲသောပြဿနာများကို ရင်ဆိုင်ရကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး အီဝါယာ တာကီရှိက ပြောကြားသည်။

ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးမှုများဆောင်ရွက်ခြင်းနှင့် အနာဂတ်ဦးတည်သည့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်းသည် ၎င်းတို့၏ ဘုံအကျိုးစီးပွားအတွက်သာမက ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးတို့အတွက် အရေးပါကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အပြန်အလှန်နားလည်မှုကို မြှင့်တင်ရန်၊ စီးပွားရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းလာစေရန်နှင့် မွေးဖွားနှုန်းကျဆင်းမှုနှင့် သက်ကြီးရွယ်အိုများလျော့နည်းလာမှုအပါအဝင် လက်ရှိရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ပူးပေါင်းဖြေရှင်းရန် ဝန်ကြီးများက သဘောတူညီခဲ့ကြသည်။

မြောက်ကိုရီးယား၏ နျူကလီးယားနှင့် ဒုံးကျည်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များအတွက် စိုးရိမ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး အီဝါယာ တာကီရှိက ထုတ်ဖော်ပြောကြားသည်။

မြောက်ကိုရီးယား၏ နျူကလီးယား ကင်းစင်ရေးကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များနှင့်အညီ တိုကျို၊ ပေကျင်းနှင့် ဆိုးလ်တို့တွင် အကောင်အထည်ဖော်ရန် အနီးကပ် ဆက်သွယ်မှု ပြုလုပ်ရန် တာကီရှိက တောင်းဆိုခဲ့သည်။



ဂျပန်နိုင်ငံသားများကို မြောက်ကိုရီးယားက ပြန်ပေးဆွဲမှုနှင့်ပတ်သက်ပြီး ချက်ချင်းဖြေရှင်းရန် အတွက် ပူးပေါင်းဆောင်ရွက်ရန် တာကီရှိက တောင်းဆိုခဲ့ကြောင်း သိရသည်။

တရုတ်-ဂျပန်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် ပိုမိုရင့်ကျက်တည်ငြိမ်ပြီး ခံနိုင်ရည်ရှိစေရန် ဂျပန်၊ တောင်ကိုရီးယားနိုင်ငံတို့နှင့် လက်တွဲဆောင်ရွက်ရန် တရုတ်နိုင်ငံက အဆင်သင့်ရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ပြောကြားသည်။

သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှုသည် အရှေ့အာရှတွင် နက်ရှိုင်းစွာ အမြစ်တွယ်လျက်ရှိကြောင်း ဝမ်ယီက ပြောကြားသည်။ သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုသည် နှစ်ပေါင်း ၂၀ အတွင်း အပြုသဘောဆောင်သောရလဒ်များ ထွက်ပေါ်လာခဲ့ပြီး ယင်းသည် သုံးနိုင်ငံနှင့် ၎င်းတို့၏ သက်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကိုသာမက ဒေသတွင်း တည်ငြိမ်ရေးနှင့် စီးပွားရေး ပေါင်းစည်းမှုကိုလည်း မြှင့်တင်ပေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆန်းသစ်တီထွင်မှုဆိုင်ရာ အခွင့်အလမ်းများကို မျှဝေပြီး သုံးနိုင်ငံ၏ အရည်အသွေးမြင့်မားသော ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအားကောင်းလာစေရန်အတွက် အရည်အသွေးသစ် ထုတ်လုပ်မှုစွမ်းအားများကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း ဝမ်ယီက ပြောကြားသည်။

ဒစ်ဂျစ်တယ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သုံးနိုင်ငံဆွေးနွေးမှု ယန္တရားတစ်ရပ်ကို ထူထောင်မည်ဖြစ်ကြောင်းနှင့် တရုတ်-ဂျပန်-ကိုရီးယား ဆန်းသစ်တီထွင်မှု ပူးပေါင်းဆောင်ရွက်ရေးဗဟိုဌာနတွင် ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် တက်ကြွစွာပါဝင်ရန် ကြိုဆိုပါကြောင်းလည်း ၎င်းက ဆက်လက်ပြောသည်။

ယခုနှစ်သည် ဒုတိယကမ္ဘာစစ် ပြီးဆုံးခြင်း နှစ် (၈၀) ပြည့် နှစ်ပတ်လည်နေ့ဖြစ်ကြောင်း ဝမ်ယီက မှတ်ချက်ချသည်။ ၂၀၂၅ ခုနှစ်သည် သမိုင်းကို ပြန်လည်သုံးသပ်ရန် အရေးကြီးသောနှစ်ဖြစ်ပြီး သင်ခန်းစာများ ရယူရန်လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ အင်နှစ်အိတ်ချ်ကေ

ဘာသာပြန်-အောင်ကျော်ကျော်

ဟူသီအဖွဲ့က အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့တော်ပိုင်းသို့ ဒုံးကျည်ဖြင့် တိုက်ခိုက်

ဆာနာ မတ် ၂၂

အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့တော်ပိုင်းသို့ ဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့ကြောင်း ဟူသီအဖွဲ့ပြောရေးဆိုခွင့်ရှိသူက ယမန်နေ့တွင် ပြောကြားသည်။

ပါလက်စတိုင်းများနှင့်တစ်သားတည်းရပ်တည်ကြောင်းပြသခြင်းအပြင် ဂါဇာဒေသတွင် အစ္စရေးတို့၏ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများကို တုံ့ပြန်သည့်အနေဖြင့် ဟူသီတပ်ဖွဲ့များသည် တဲလ်အဗစ်တောင်ပိုင်းသို့ ပစ်မှတ်ထား၍ တာဝေးပစ်ဒုံးကျည်ဖြင့်တိုက်ခိုက်ခဲ့ကြောင်း ဟူသီအဖွဲ့ပြောရေးဆိုခွင့်ရှိသူ ယာယာဆာယီယာက အယ်လ်မာဆီယာရုပ်မြင်သံကြားဌာနသို့ ပြောကြားသည်။ ယခုတိုက်ခိုက်မှုသည် ဒုတိယအကြိမ်တိုက်ခိုက်မှုဖြစ်ကြောင်းနှင့် ပထမအကြိမ်တိုက်ခိုက်မှုအတွင်း တဲလ်အဗစ်မြို့ ဗင်ဂူယီယန်လေဆိပ်အား ဟူသီအဖွဲ့က တာဝေးပစ်ဒုံးကျည်ဖြင့်တိုက်ခိုက်ခဲ့ရာ အစ္စရေးတပ်မတော်က ကြားဖြတ်ဟန့်တားပစ်ချခဲ့သည်။

ဂါဇာဒေသတွင် လူသားချင်းစာနာထောက်ထားမှုအကူအညီများ မရရှိမချင်းနှင့် တိုက်ခိုက်မှုများမရပ်တန့်မချင်း ဟူသီအဖွဲ့က အစ္စရေးကို ဆက်လက်တိုက်ခိုက်မည်ဟု ၎င်းကပြောကြားသည်။

အမေရိကန်စစ်သင်္ဘော ဟယ်ရီထရူးမင်းကိုလည်း တိုက်ခိုက်ခဲ့ကြောင်း ဟူသီအဖွဲ့က မတ် ၂၀ရက်တွင် ပြောကြားသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်- အောင်ကျော်ကျော်

တောင်ကိုရီးယား - အမေရိကန်ပူးတွဲစစ်ရေးလေ့ကျင့်မှု မြောက်ကိုရီးယားရှုတ်ချ

ပြိုယမ်း မတ် ၂၂

တောင်ကိုရီးယားနှင့် အမေရိကန်တို့ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို မြောက်ကိုရီးယားက ရှုတ်ချကြောင်း မြောက်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် မိမိနိုင်ငံအပေါ် စစ်ရေးအရ တိုက်ခိုက်လာပါက အပြင်းထန်ဆုံးနှင့် အထိရောက်ဆုံးနည်းလမ်းများဖြင့် ပြန်လည်တုံ့ပြန် တိုက်ခိုက်မည်ဟုလည်း ၎င်းကပြောကြားသည်။

တောင်ကိုရီးယားနှင့် အမေရိကန် ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် လျှို့ဝှက်မြေအောက်လိုဏ်ခေါင်းကွန်ရက်ကို တိုက်ခိုက်ဖျက်ဆီးခြင်းနှင့် နျူကလီးယားလက်နက်များအား ဖယ်ရှားခြင်းတို့ကို လေ့ကျင့်ခဲ့ကြသည်။ ယင်းစစ်ရေးလေ့ကျင့်မှုများသည် မြောက်ကိုရီးယားနိုင်ငံအား ကျူးကျော်တိုက်ခိုက်ရန် ကြိုတင် ပြင်ဆင်ခြင်းဖြစ်နိုင်ဖွယ် ရှိသည့်အတွက် ရှုတ်ချကြောင်း ၎င်းကပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံအား စစ်ရေးအရ တိုက်ခိုက်လိုသည့်နိုင်ငံများ၏ ဆောင်ရွက်ချက်များကို မြောက်ကိုရီးယားနိုင်ငံက ခေါင်းငုံ့ခံမည်မဟုတ်ဘဲ ပြင်းထန်ထိရောက်သည့် နည်းလမ်းများဖြင့် တုံ့ပြန်တိုက်ခိုက်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

တောင်ကိုရီးယားနှင့် အမေရိကန်တို့သည် Freedom Shield ဟု အမည်ရသည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို မတ် ၂၀ ရက်တွင်အဆုံးသတ်ခဲ့ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ

ဂါဇာဒေသအား အရှိန်မြှင့်တိုက်ခိုက်မည်ဟု အစ္စရေးပြောကြား

ကျေရုဆလင် မတ် ၂၂

ဟားမတ်စ်အဖွဲ့က ကျန်ရှိသည့်ဓားစာခံများကို ပြန်လွှတ်ပေးရန် ငြင်းဆန်ပါက ဂါဇာဒေသရှိ နယ်မြေများကို အစ္စရေးတပ်မတော်က အရှိန်မြှင့်တင်တိုက်ခိုက်မည်ဟု အစ္စရေးကာကွယ်ရေးဝန်ကြီး အစ္စရေးကတ်က ယမန်နေ့တွင်ပြောကြားသည်။

ဓားစာခံများကိုပြန်လွှတ်ပေးရန် ငြင်းဆန်ပါက ဟားမတ်စ်အဖွဲ့အနေဖြင့် ပိုင်နက်နယ်မြေများဆုံးရှုံးနိုင်ကြောင်း ၎င်းက ပြောကြားသည်။

ဂါဇာဒေသရှိ နယ်မြေအများအပြားကို သိမ်းပိုက်ရန်နှင့်ဒေသအတွင်းရှိ အစ္စရေးနိုင်ငံသားများအား ကာကွယ်စောင့်ရှောက်ရန် အစ္စရေးတပ်ဖွဲ့ဝင်များကို ညွှန်ကြားခဲ့ကြောင်း သိရသည်။

အစ္စရေးအစိုးရ၏ ဆောင်ရွက်မည့်အစီအမံများတွင် အမေရိကန်သမ္မတထရမ့် အဆိုပြုထားသည့် ဂါဇာဒေသခံများအား နေရပ်မှ ရွှေ့ပြောင်းရေးနှင့် အမေရိကန်က ဂါဇာဒေသအား စီမံခန့်ခွဲရေးတို့ ပါဝင်ကြောင်းသိရသည်။ ယင်းအစီအစဉ်ကို ကမ္ဘာ့နိုင်ငံများက ကန့်ကွက်ခဲ့သည်။ ဂါဇာဒေသတွင်လက်ရှိအချိန်၌ အစ္စရေးတပ်မတော်က တိုက်ခိုက်မှုအများအပြား ဆောင်ရွက်လျက်ရှိသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၂၂

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မတ် ၂၀ ရက်တွင် အကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ရှမ်းတဲကြီးကျေးရွာ ထက်ဇေကရီ စက်သုံးဆီဆိုင်အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၉၇၂၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို လည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ သုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇၀၆၂၈၀၀)ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၇၇၅၃၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးမြို့ ဗိုလ်ကုန်းရပ်ကွက် မာဃလမ်း၌ မြို့ငြိကလေးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၄၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Kyaw Kyar Truck တစ်စီး၊ Nissan Caravn တစ်စီး၊ Toyota Hiace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ် အနီး၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် King Long Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၅၃၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။



သီလဝါဆိပ်ကမ်း၌ သိမ်းဆည်းရမိမှု။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ ရွှေဘိုမြို့သို့ မောင်းနှင်လာသည့်ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ESSE Lights Filter Cigarettes နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊ Nissan Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျောက်ဆည်မြို့အဝင်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး၊ လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၄၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ကို လည်းကောင်း၊ကျောက်ဆည်မြို့မြို့ရှောင်လမ်းအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၈၁၅၇)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်း တံခွန်တိုင် အဝိုင်းအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၃၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunlong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း ပလိပ်မြို့အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၄ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၁၅၀၄၂၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေး လမ်းဟောင်း ကျောက်ဆည်မြို့အဝင်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၉ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၄၀၇၆၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၁၂၄၄၄၄၇ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မတ် ၂၁ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ဘားအံစက်မှုဇုန်အနီး၌ ယာဉ်ခြောက်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၀ မျိုး၊ လူသုံးကုန်ပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၉၅၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck သုံးစီး၊ Mitsubishi Fuso Truck တစ်စီး၊ Nissan Condor Truck တစ်စီး၊ Yar Zar Tun Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၉၉၅၄၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ် သုံးစီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ငါးစီး စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၄၁၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မတ် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၅၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၅၁၉၆၇၀၀၆) ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် ကုန်စျေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။**သတင်းစဉ်**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ် ၂ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ သိန်းကျော် သိမ်းဆည်းရမိ

နေပြည်တော် မတ် ၂၂

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ် ၂ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ သိန်းကျော် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၄ ရက် ညနေ ၄ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ၁၃၄ လမ်းနှင့် ၇၈ လမ်းထောင့်၌ အောင်နိုင်ထွေး(ခ)ဖိုးသားမောင်းနှင်ပြီး ရဲလင်းဖြိုး လိုက်ပါလာသည့် NISSAN ၁၂ ဘီးယာဉ်နှင့် နန်းလင်းမောင်းနှင်ပြီး ရဲဝင်းထက် လိုက်ပါလာသည့် NISSAN ၁၂ ဘီးယာဉ်တို့ကို သတင်းအရရှာဖွေရာ အဆိုပါယာဉ်နှစ်စီးပေါ်တွင် ကုန်ပစ္စည်းများဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ဒသမ ၁ သိန်း သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ ယင်းနေ့ ည ၁၁ နာရီခွဲတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် စိုးသီဟနှင့် အောင်ဖြိုးကိုတို့အား အမရပူရမြို့နယ် စွယ်တော်ကားဝင်းတွင် ဖမ်းဆီးရမိခဲ့ပြီး မတ် ၁၅ ရက် နံနက် ၁ နာရီတွင် ပြည်ကြီးတံခွန်မြို့နယ် စက်မှုကွက်သစ် ၁၄၀(B)လမ်း ၅၅ x ၅၆ လမ်းကြားရှိနေအိမ်တွင် ၎င်းတို့နှစ်ဦးဝှက်သိမ်းထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ငါးသိန်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်းငွေကျပ် ၂ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ ဒသမ ၁ သိန်း သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ နံနက် ၆ နာရီခွဲတွင် စိတ်ကြွရူးသွပ်ဆေးပြားများကို မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ သယ်ဆောင်ရန် စေခိုင်းသူ ဇော်မင်းထွန်း (ခ)ကိုဇော်(ခ) ပုံတူအား စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ပင်လုံရပ်ကွက်ရှိ ၎င်း၏နေအိမ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိစိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်မှ စစ်ကိုင်းတိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်း ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ဖြစ်မှု ကျူးလွန်သူများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။


ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း **သတင်းစဉ်**

၁၃၈၆ ခုနှစ် ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်၌ တိုင်းရင်းသားရိုးရာအကနှင့် ယိမ်းအကပြိုင်ပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ရန်ကုန် မတ် ၂၂

ယူနက်စကို၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင် မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်၌ တိုင်းရင်းသားရိုးရာအကနှင့် ယိမ်းအကပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ယိမ်းပြိုင်ပွဲများအနေဖြင့် ၁၂ ဦးယိမ်း (မူကြို ကျောင်းများ)၊ ၁၂ ဦးယိမ်း (ကျောင်းများ)၊ ၁၂ ဦးယိမ်း (ရုံး/အခြားဌာနများ)၊ ၁၆ ဦးယိမ်း (ကျောင်းများ)၊ ၁၆ ဦးယိမ်း (ရုံး/အခြားဌာနများ)၊ ၂၀ ဦးယိမ်း(အလွတ်တန်း)၊ ၁၂ ဦးယိမ်း (ကျား) (အလွတ်တန်း)နှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကများဖြင့် ကျင်းပသွားမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

ပြိုင်ပွဲဝင်အသင်းများအနေဖြင့် မတ် ၃၁ ရက် နောက်ဆုံးထား၍ ဗိုလ်တထောင်မြို့နယ် (၄၆) လမ်း (၁၂) ထပ်ခွဲရုံး (၁၀) လွှာရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု)တွင် လာရောက်စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ်သိရှိလိုပါက အကဲဖြတ်လုပ်ငန်းကော်မတီ ဖုန်း-၀၉၅၁၀၃၂၈၄၊ ၀၉၅၁၀၂၇၂၆၀၊ ၀၉၅၁၀၂၇၉၉၀၊ ၀၉၄၄၅၁၈၃၇၊ ၀၉၄၂၀၁၅၂၃၃၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်



တရားမဝင်ကုန်သွယ်မှုမဖြစ်စေဖို့ ထိန်းချုပ်ဓာတုပစ္စည်းသိုလှောင်/သယ်ဆောင်မှု သတိထားစို့

မြန်မာနိုင်ငံတွင် အများဆုံးဖမ်းဆီးရမိသည့် ထိန်းချုပ်ဓာတုပစ္စည်းများအနက် ဆိုဒီယမ်ဆိုင်ယမ်နိုက် (Sodium Cyanide)လည်း ပါဝင်ပါသည်။

အဆိုပါ ဆိုဒီယမ်ဆိုင်ယမ်နိုက်သည် အလွန်အန္တရာယ်များသည့် ဓာတုပစ္စည်းတစ်မျိုးဖြစ်ပြီး အဖြူရောင်အမှုန့်၊ သို့မဟုတ် ခဲတံပုံစံတို့တွေ့ရတတ်ပြီး ရေတွင် အလွယ်တကူ ပျော်ဝင်နိုင်ပါသည်။ ထို့ပြင် အလွန်အဆိပ်ပြင်းသောကြောင့် သတိထားကိုင်တွယ်ရန် လိုအပ်ပါသည်။ ယင်းကို မြန်မာနိုင်ငံတွင် ထိန်းချုပ်ဓာတုပစ္စည်းစာရင်းဝင်သောကြောင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ခွင့်ပြုချက်ဖြင့် တရားဝင်ကုန်သွယ်မှုပြုလုပ်နိုင်သော ကုန်ပစ္စည်း(ဓာတုပစ္စည်း)ဖြစ်ပါသည်။

ယင်းသည် အန္တရာယ်ရှိသော ဓာတုကုန်ကြမ်းပစ္စည်းဖြစ်၍ သိုလှောင်သယ်ဆောင်ရာတွင် တရားဝင်ကုန်သွယ်မှုပြုလုပ်နေသူများ သိထားသင့်သော နိုင်ငံတကာတွင် လိုက်နာဆောင်ရွက်လျက်ရှိသည့် စည်းကမ်းသတ်မှတ်ချက်များကို တင်ပြအပ်ပါသည်။

ဆိုဒီယမ်ဆိုင်ယမ်နိုက်(Sodium Cyanide)

ဓာတုဗေဒအခေါ်နှင့် ပေါင်းစပ်ပါဝင်မှု

Sodium Cyanide

CAS No, 143–33– 9

EC NO : 205–599–4

ဓာတုဗေဒပစ္စည်းပါဝင်မှု

99 % , CAS No, 143–33– 9

(က) ဆိုဒီယမ်ဆိုင်ယမ်နိုက်(Sodium Cyanide) ကို ဘယ်တွေမှာသုံးတာလဲ

(၁) ရွှေနှင့်သတ္တုတူးဖော်ရေး

- ဆိုဒီယမ်ဆိုင်ယမ်နိုက်ကို ရွှေနှင့်ငွေကဲ့သို့ သတ္တုများကို သတ္တုရိုင်းမှ သန့်စင်သည့်နေရာတွင် အများဆုံးသုံးပါသည်။ ထိုဓာတုပစ္စည်းမှာ သတ္တုရိုင်းထဲတွင် ရွှေကိုပျော်ဝင်စေပြီး ရွှေကိုခွဲထုတ်ယူနိုင်ပါသည်။

(၂) ဓာတုဗေဒလုပ်ငန်းများ

- အခြားဓာတုပစ္စည်းများ ထုတ်လုပ်ရာတွင် ကြားခံပစ္စည်းအဖြစ် အသုံးပြုနိုင်ပါသည်။
- ပိုးသတ်ဆေး၊ ဆေးဝါးနှင့် ဓာတုဗေဒပစ္စည်းများ၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင်လည်း အသုံးပြုနိုင်ပါသည်။

(၃) စက်မှုလုပ်ငန်းများ

- သတ္တုပစ္စည်းများကို သန့်စင်သည့် နေရာတွင် သုံးပါသည်။
- လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်ရာတွင်လည်း သုံးနိုင်ပါသည်။

(၄) ဓာတ်ခွဲခန်းသုတေသန

- ဓာတ်ခွဲခန်းများတွင် ဓာတုတုံ့ပြန်မှုများ လေ့လာရာတွင် အသုံးပြုနိုင်ပါသည်။

(ခ) အန္တရာယ်များ

(၁) အဆိပ်သင့်မှု

ဆိုဒီယမ်ဆိုင်ယမ်နိုက်သည် အသက်ရှူလမ်းကြောင်းနှင့် အာရုံကြောစနစ်ကို ထိခိုက်နိုင်ပြီး သေဆုံးသည်အထိ ဖြစ်စေနိုင်ပါသည်။

(၂) ပတ်ဝန်းကျင်ထိခိုက်မှု

ထိုပစ္စည်းမှာ ရေထုနှင့်မြေထုကို ညစ်ညမ်းစေနိုင်ပြီး သက်ရှိများအတွက် အန္တရာယ်ရှိနိုင်ပါသည်။

(ဂ) ဘေးကင်းရေးကာကွယ်မှု

(၁) လက်အိတ်၊ မျက်မှန်၊ မျက်နှာဖုံးတို့တွင် ကာကွယ်ရေးပစ္စည်းများ ဝတ်ဆင်ပါ။

(၂) လေဝင်၊ လေထွက် ကောင်းသည့်နေရာတွင်သုံးပါ။

(၃) ဓာတုပစ္စည်းကို သိမ်းဆည်းရာတွင် သတိထားပါ။

(ဃ) သိုလှောင်မှုစနစ်

(၁) ထုပ်ပိုးခြင်း

- ဆိုဒီယမ်ဆိုင်ယမ်နိုက်ကို လေလုံသော ပုလင်း၊ ပုံးများတွင် ထည့်သွင်းထားရပါမည်။
- ပုလင်း၊ပုံးများကို သတ္တုသို့မဟုတ် ပလတ်စတစ်ဖြင့် ပြုလုပ်ပြီး လေလုံရန် လိုအပ်ပါမည်။

(၂) အပူချိန်

- အေးမြပြီး ခြောက်သွေ့သောနေရာတွင် သိမ်းဆည်းရပါမည်။
- အပူချိန် 25˚C (77˚F) အောက်တွင်ထားရပါမည်။

(၃) စိုထိုင်းဆ

- စိုထိုင်းဆကို စောင့်ဆိုင်းရန် အရေးကြီးပါသည်။ စိုထိုင်းဆကြောင့် ရေငွေ့ကို စုပ်ယူကာ ပျက်စီးနိုင်ပါသည်။

(၄) အလင်းရောင်

- ဆိုဒီယမ်ဆိုင်ယမ်နိုက်ကို နေရောင်ခြည် တိုက်ရိုက်ကျရောက်မှုမှ ကာကွယ်ရန် အရေးကြီးပါသည်။
- အလင်းရောင်ကျရောက်မှုမှ ကာကွယ်ရန် အမှောင်ခန်းတွင် သိမ်းဆည်းရပါမည်။

(၅) အခြား

- အဆိပ်ပြင်းပစ္စည်းဖြစ်သောကြောင့် လက်အိတ်နှင့် မျက်နှာဖုံးကို အသုံးပြုကိုင်တွယ်ရပါမည်။
- မျက်လုံးနှင့်အရေပြားတို့ကို တိုက်ရိုက်ထိတွေ့ခြင်းမှ ရှောင်ရှားရပါမည်။
- ကလေးများ၊ အိမ်မွေးတိရစ္ဆာန်များနှင့် ဝေးသည့်နေရာတွင် ထားသိုရပါမည်။
- မီး၊ အပူပေးစက်တို့နှင့် ဝေးသည့်နေရာတွင် ထားရပါမည်။

(၆) လေလုံအောင်ဖုံးပိတ်၍ အမြင့် လေးမီတာအထက်ရှိပြီး လုံလောက်သော အကျယ်အဝန်းရှိသည့် ကုန်လှောင်ရုံတွင် ထားရှိသင့်ပါသည်။ လူဦးရေထူထပ်သော နေရာများကိုရှောင်ကြဉ်၍ မြစ်ကမ်းနံဘေး သို့မဟုတ် ရေအရင်းအမြစ် အလွယ်တကူရရှိနိုင်သော နေရာများတွင် ထားရှိရပါမည်။

(ဂ) သယ်ယူပို့ဆောင်မှုစနစ်

အက်စစ်များ၊ အယ်ကာလီများ၊ ဓာတ်တိုးပစ္စည်းများ၊ အခြားဓာတုပစ္စည်းများနှင့် ရောနှောခြင်းမပြုရပါ။ နေရောင်ခြည်ထိတွေ့ခြင်း၊ မိုးရေစိုစွတ်ခြင်းနှင့် အပူချိန်မြင့်မားခြင်းတို့ကို ရှောင်ကြဉ်ရပါမည်။ မီးဘေးအန္တရာယ်နှင့် ယိုစိမ့်မှုအန္တရာယ် အကာအကွယ်စနစ်ရှိသော ယာဉ်အမျိုးအစားဖြင့် သယ်ယူသင့်ပါသည်။

သို့ဖြစ်ပါ၍ ကန့်သတ်ဓာတုပစ္စည်းများအား တရားမဝင်သယ်ယူရောင်းဝယ်ခြင်း မရှိစေရန်နှင့် လုပ်ငန်းရှင်ကုန်သည်များအနေဖြင့် ကန့်သတ်ဓာတုပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် သယ်ယူပို့ဆောင်နိုင်ရေး သိရှိလိုက်နာဆောင်ရွက်နိုင်ပါရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

“ဆိုဒီယမ်ဆိုင်ယမ်နိုက်သည် အလွန်အန္တရာယ်များသည့် ဓာတုပစ္စည်းတစ်မျိုးဖြစ်ပြီး အဖြူရောင်အမှုန့်၊ သို့မဟုတ် ခဲတံပုံစံတို့ တွေ့ရတတ်ပြီး ရေတွင်အလွယ်တကူ ပျော်ဝင်နိုင်ပါသည်။ ထို့ပြင် အလွန်အဆိပ်ပြင်းသောကြောင့် သတိထားကိုင်တွယ်ရန် လိုအပ်ပါသည်။ ယင်းကို မြန်မာနိုင်ငံတွင် ထိန်းချုပ်ဓာတုပစ္စည်းစာရင်းဝင်သောကြောင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ခွင့်ပြုချက်ဖြင့် တရားဝင်ကုန်သွယ်မှုပြုလုပ်နိုင်သော ကုန်ပစ္စည်း(ဓာတုပစ္စည်း)ဖြစ်”

လူမဲ

လွိုင်ကော်မြို့၌ အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အခမ်းအနား ကျင်းပ



လွိုင်ကော် မတ် ၂၂

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အခမ်းအနားကို မတ် ၂၁ ရက် နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

တိုက်တွန်းပြောကြား

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကားပြောကြားရာတွင် သဘာဝပတ်ဝန်းကျင်သည် လူသားများအတွက် မဖြစ်မနေလိုအပ်သည့် အရင်းအမြစ်တစ်ခုဖြစ်၍ သစ်တောများ၏ တန်ဖိုးအား သိရှိစေရန်၊ သစ်တောများ၏ပြုန်းတီးမှုကို ကာကွယ်၊ ထိန်းသိမ်း၊ စောင့်ရှောက်၍ အားပေးမြှင့်တင်ရန် ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း၊ ပြည်နယ်အနေဖြင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများနှင့် လမ်းဘေး ဝဲ၊ ယာ စိမ်းလန်းစိုပြည်ရေး၊ လူတိုင်းသစ်ပင်စိုက်ပျိုးနိုင်ရေးအတွက် တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူလူထုများသို့ ဖြန့်ဝေရန် ပျိုးပင် ၅၀၀၀၀ ပျိုးထောင်ထားရှိကြောင်း၊ ကျေးရွာထင်းစိုက်ခင်းများကိုလည်း စိုက်ပျိုးရန် လျာထားပြီးဖြစ်ကြောင်း၊ တစ်ပင်စိုက်၊ တစ်ပင် ရှင်သန်ပြီး စိုက်ပျိုးသမျှအောင်မြင်အောင် ပြုစုထိန်းသိမ်းကြရန်နှင့် သဘာဝသစ်တောသယံဇာတများကိုလည်း ရေရှည်တည်တံ့စေရေး ထိန်းသိမ်းကြရာတွင် အားလုံးပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ် ဗီဒီယိုကလစ်အားပြသခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စုပေါင်းမှတ်တမ်းတင်ခဲတံပုံရိုက်ကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပိုစတာများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



ပဲခူးမြို့၌ အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ပဲခူး မတ် ၂၂

ပဲခူးမြို့ သီရိဟံသာခန်းမ၌ မတ် ၂၁ ရက် နံနက်ပိုင်းက အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သိန်းက အဖွင့်အမှာစကား ပြောကြားပြီး အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းအား ပြသရာ သယံဇာတရေးရာဝန်ကြီးနှင့် တက်ရောက်လာကြသူများက ကြည့်ရှုခဲ့ကြသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများက အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ်ပြသထားသည့် ပြခန်းများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

တင်စိုး(ပဲခူး)

မြဝတီခရိုင်၌ မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဆွေးနွေး



မြဝတီ မတ် ၂၂

ကရင်ပြည်နယ် မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မီးဘေးအန္တရာယ် ကြိုတင်သတိပြုကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲကို မတ် ၂၁ ရက် မွန်းလွဲ ၁ နာရီကလူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်မာမာရီက အသိပညာပေးဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြီး ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးဖြိုးမင်းဇော်က ယခုအခါ ပူပြင်းခြောက်သွေ့သောနွေရာသီကာလ ရောက်ရှိလာပြီဖြစ်၍ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ၊ ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်များ မီးဘေးအန္တရာယ် ပေါ်ဆမူကြောင့် ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန် ကြိုတင်သတိပြု ကာကွယ်ရမည့် အချက်များ၊ လျှပ်စစ်ဝိုင်ယာကြိုး၊ ဆိုလာဘက်ထရီမှ တစ်ဆင့် မီးလောင်မှုများ ဖြစ်ပေါ်နိုင်ခြင်းကြောင့် ကြိုတင်စစ်ဆေးမှုများ ပြုလုပ်ထားသင့်ကြောင်း၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်း အနေဖြင့် အိမ်တိုင်းတွင် မီးသတ်ဆေးဘူး၊ ရေပုံး၊ သဲအိတ်၊ မီးချိတ်၊ မီးကပ်များ အဆင်သင့်ထားရှိရန် လိုကြောင်းနှင့် အရေးပေါ်အခြေအနေဖြစ်ပေါ်ပါက ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို ဆွေးနွေးသည်။

အလားတူ မြဝတီခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများသည် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ခြင်းများကို ရပ်ကွက်အလိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဇာဖြူဝင်း(မြဝတီ)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၃-၂၀၂၅ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်ကွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၂၉၉၀	၃၁၀၅	၃၀၇၀	၃၀၀၅	၃၁၁၀	၃၁၂၅	၃၀၄၅	၃၀၆၀	၄၅၀၅	၃၃၅၅	၃၀၈၀	၃၀၈၀	၃၁၅၀	၃၁၁၅	၃၁၃၅	၃၃၉၅
95 Ron	၃၀၄၅	၃၁၅၅	၃၁၂၀	၃၀၅၅	၃၁၆၀	၃၁၈၀	၃၁၉၅	၃၁၁၅	၄၅၆၀	၃၄၀၅	၃၁၃၀	၃၁၃၀	၂၂၀၀	၃၁၆၅	၃၁၉၀	၃၄၄၅
HSD (500 ppm)	၂၆၀၀	၂၇၁၅	၂၆၈၀	၂၆၁၅	၂၇၂၀	၂၇၃၅	၂၆၇၀	၂၆၇၀	-	၂၉၆၅	၂၆၉၀	၂၆၉၀	၂၇၆၀	၂၇၂၅	၂၇၄၅	၃၀၀၅
HSD (50 ppm)	၃၂၁၅	၃၃၃၀	၃၂၉၅	၃၂၃၀	၃၃၃၅	၃၃၅၀	၃၃၇၀	၃၂၈၅	၄၈၃၀	၃၅၀၀	၃၃၀၅	၃၃၀၅	၃၃၇၅	၃၃၄၀	၃၃၆၅	၃၆၂၀
HSD (10 ppm)	၃၂၁၅	၃၃၃၀	၃၂၉၅	၃၂၃၀	၃၃၃၅	၃၃၅၀	၃၃၇၀	၃၂၈၅	-	၃၅၀၀	၃၃၀၅	၃၃၀၅	၃၃၇၅	၃၃၄၀	၃၃၆၅	၃၆၂၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၈၂၁	၂၉၁၁
95 Ron	၂၈၇၂	၂၉၆၃
HSD (500 ppm)	၂၄၄၂	၂၅၂၂
HSD (50 ppm)	၃၀၄၀	၃၁၃၀
HSD (10 ppm)	၃၀၄၀	၃၁၃၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများ၀ယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



လုပ်ငန်းခွင်ထိခိုက်သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ပေးအပ်

ရန်ကုန် မတ် ၂၂

ရန်ကုန်တိုင်းဒေသကြီး သယံနှင်းကျွန်းမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော မြန်မာနှင့် ကမ္ဘာတစ်ဝန်းဝန်ဆောင်မှု လုပ်ငန်းများကုမ္ပဏီမှ အလုပ်ခွင်ထိခိုက်မှုကြောင့် သေဆုံးသွားသော အာမခံအလုပ်သမား၏ ကျန်ရစ်သူအကျိုးခံစားခွင့် ပေးအပ်ပွဲအခမ်းအနားကို မတ် ၂၁ ရက် နံနက်ပိုင်းက မြို့နယ်လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းခွန်ဦး က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြန်မာနှင့် ကမ္ဘာတစ်ဝန်း ဝန်ဆောင်မှု လုပ်ငန်းများကုမ္ပဏီမှ အာမခံအလုပ်သမား ဒေါ်ကြည်ပြာမျိုးတင့်၏ မိခင်ဖြစ်သူအား ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၁၅၀၀၀၀၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ ဆေးရုံ၊ ဆေးခန်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် မတ် ၂၂

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ ဆေးရုံ၊ ဆေးခန်းများ၌ ခြင်၊ ယင်၊ ပေါက်ပွားမှုမရှိစေရေးနှင့် ဆေးရုံတက်ရောက်ကုသနေသောလူနာများအား လေကောင်းလေသန့်ရရှိစေရန် ချို့နွယ်၊ ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အပါအဝင် မြို့နယ် ငါးမြို့နယ်ရှိ ဆေးရုံများ၌လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ပြည်သူ့ဆေးရုံကြီး၌လည်းကောင်း နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံဝင်းအတွင်း/အပြင်ရှိ ချို့နွယ်ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို ပြည်နယ်ဝန်ကြီးချုပ်၊ တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် တာဝန်ရှိသူများက စစ်တွေမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး (ခုတင်-၅၀၀)တွင် တာဝန်ထမ်းဆောင်နေသည့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံနှုတ်ဆက်စကားပြောကြားပြီး ချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း စစ်တွေမြို့ရှိ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး (ခုတင်-၅၀၀) တွင် တာဝန်ထမ်းဆောင်နေသည့် ကျန်းမာရေးဝန်ထမ်းများအား ချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



ကျုံပျော်ခရိုင် စုပေါင်းရုံး၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

ကျုံပျော် မတ် ၂၂

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်သာယာလှပရေးအတွက် လုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၇ နာရီတွင် ကျုံပျော်မြို့ တေဇရပ်ကွက်ရှိ ခရိုင်စုပေါင်းရုံး၌ သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျုံပျော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများ စုစုပေါင်းအင်အား ၃၀၀ ခန့် ပူးပေါင်း၍ ရုံးရှေ့မျက်နှာစာ အတွင်း၊ အပြင်အမှိုက်များရှင်းလင်းခြင်း၊ ရေမြောင်းများ သန့်ရှင်းခြင်း၊ အမှိုက်များ သိမ်းဆည်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မိုးညှိမြို့ ဒဂုံကျောင်းတိုက်၌ နွေရာသီယဉ်ကျေးလိမ္မာသင်တန်း ဖွင့်ပွဲကျင်းပ

မိုးညှို့ မတ် ၂၂

ပဲခူးတိုင်းဒေသကြီး မိုးညှိုမြို့သခင်လှရှိန်ရပ်ကွက်ရှိ ဒဂုံကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ နန္ဒသာရကြီးမှူး၍ နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ မိုးညှိမြို့ ဓမ္မိကပရိယတ္တိစာသင်တိုက် ဦးစီးဓမ္မာစရိယ ဒေါက်တာ ဇဋိလာဘိဝံသ ပဓာန နာယက နိုင်ငံတော်ဗဟိုသံဃာဝန်ဆောင် ဆရာတော် ဘဒ္ဒန္တ တေဇဝန္တက ယဉ်ကျေးလိမ္မာသင်တန်းနှင့် ပတ်သက်၍ သြဝါဒစကား မိန့်ကြားသည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖုန်းလွင်က ယဉ်ကျေးလိမ္မာ သင်တန်းနှင့် ပတ်သက်၍ အကြံပေးစကား ပြောကြားပြီး ဒဂုံကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ နန္ဒသာရက နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းမိန့်ကြားသည်။



အဆိုပါ သင်တန်းကို မတ် ၂၂ ရက်မှ ဧပြီ ၁ ရက်အထိ ၁၀ ရက်ကြာ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုမင်း(ပြန်/ဆက်)

ရေတာရွာမြို့နယ်၌ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

ရေတာရွာ မတ် ၂၂

ပဲခူးတိုင်းဒေသကြီး ရေတာရွာမြို့နယ်၌ အနာဂတ်ရင်သွေးငယ်များအား လိမ္မာယဉ်ကျေးမှုရှိစေရန်ရည်ရွယ်၍ ဆရာတော်ဦးဇဂ္ဂနာက ဦးစီးကာ ယဉ်ကျေးလိမ္မာသင်တန်းကို မတ် ၂၀ ရက်က ကွင်းကြီးကျေးရွာအုပ်စု အမတ်ကြီးခုံကျေးရွာ ရှမ်းကျောင်းစာသင်တိုက်၌ ဖွင့်လှစ်သည်။

အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ငုဝါကျော်နှင့် အဖွဲ့ဝင်များနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်အားပေးကြပြီး ဝတ္ထုဒွေများ လှူဒါန်းခြင်းနှင့် သင်တန်းတက်ရောက်သည့် ကျောင်းသား ကျောင်းသူများအား



အချိုရည်နှင့် မုန့်များ ကျွေးမွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါနွေရာသီယဉ်ကျေးလိမ္မာသင်တန်းကို သင်တန်းဆရာဆရာမ ငါးဦး၊ ကျောင်းသား ကျောင်းသူ ၁၀၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မတ် ၂၀ ရက်မှ မေ ၃၁ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



မရမ်းကုန်းမြို့နယ်၌ ပန်းချီသင်တန်း ဖွင့်လှစ်

ရန်ကုန် မတ် ၂၂

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ပူးပေါင်း၍ နွေရာသီပန်းချီအခြေခံသင်တန်းကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာ မြေလတ်ထင်ကျော်မိုးက အမှာစကားပြောပြီး မြို့နယ်ဦးစီးမှူး ဦးရဲနောင်ချစ်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို လည်းကောင်း၊ သင်တန်းနည်းပြ ပန်းချီဆရာ စမ်းချောင်း စမ်းကိုက ဘာသာရပ်နှင့် ပတ်သက်သည်များကို လည်းကောင်း ရှင်းလင်းပြောကြားကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ထွဋ်အောင်နှင့် အဖွဲ့ဝင်များက သင်တန်းပို့ချနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါသင်တန်းတွင် မရမ်းကုန်းမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၇ ဦးအား အခြေခံပန်းချီဘာသာရပ်ကို မတ် ၂၂ ရက်မှ ဧပြီ ၉ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အုတ်တွင်းမြို့နယ်၌ နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲ ကျင်းပ

အုတ်တွင်း မတ် ၂၂

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူးကျင်းပသော အခြေခံအားကစားသင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၂၁ ရက် နံနက်ပိုင်းက မြို့မအားကစားကွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇေယျာလင်းက ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိပြီး နွေရာသီအခြေခံအားကစားသင်တန်းကို မတ် ၅ ရက်မှ မတ် ၂၀ ရက်အထိ ဘောလုံးအားကစားနည်း၊ ပိုက်ကျော်ခြင်းအားကစားနည်းနှင့် Fitness Dance အကသင်တန်းများ သင်ကြားပေးခဲ့ကြောင်း ပြောကြားသည်။ ထို့နောက် သင်တန်းသား/သင်တန်းသူများအား သင်တန်းဆင်းဂုဏ်ပြုမှတ်တမ်းလွှာများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

ကွန်ဟိန်းမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား သွားရောက်တွေ့ဆုံ



နေပြည်တော် မတ် ၂၂

ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များက နယ်မြေခံတပ်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ညှိနှိုင်းဆောင်ရွက်

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ့လက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



နေပြည်တော် မတ် ၂၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ထိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Thailand International Cooperation Agency–TICA) တို့သည် Project on Development of Micro Enterprise (AG 4.2) ကို (၃)နှစ်စီမံကိန်းဖြင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဆိုပါပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ မြန်မာနိုင်ငံရှိ လက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၉ ရက်မှ ၂၁ ရက်အထိ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ Jasmine Naypyitaw Hotel ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ISMED အဖွဲ့မှ ပညာရှင်များဖြစ်သည့် Miss Jiratha Aganidat (Marketing Consultant)၊ Mr. Parnuwat Jangjunram (Expert in designing and developing new products) တို့ဦးဆောင်၍ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် လုပ်ငန်းမှတ်ပုံတင်ထားသော လက်မှုလုပ်ငန်းရှင်များနှင့် နည်းပညာရပ်များဖလှယ်ခြင်း၊ ပြည်ပစျေးကွက်များသို့ထိုးဖောက်ချိတ်ဆက်ခြင်းဆိုင်ရာများ၊ ကုန်ပစ္စည်း ထုပ်ပိုးခြင်းဆိုင်ရာများ၊ ကုန်အမှတ်တံဆိပ်(Logo) ရေးဆွဲနည်းဆိုင်ရာများ၊ မိမိတို့၏ လုပ်ငန်းများအတွက် မရှိမဖြစ်လိုအပ်သော Website ရေးဆွဲရာတွင် ထားရှိသင့်သည့်ဒီဇိုင်းများ၊ အရောင်များနှင့် Website အမည်ပေးခြင်း စသည့်လက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

ထိုသို့ အလုပ်ရုံဆွေးနွေးပွဲကျင်းပ ဆောင်ရွက်ခြင်းကြောင့် မြန်မာနိုင်ငံရှိ လက်မှုလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ထုတ်ကုန်ပစ္စည်းများအား အရည်အသွေးပြည့်မီစွာ ထုတ်လုပ်လာနိုင်ခြင်း၊ ပြည်တွင်း/ပြည်ပ စျေးကွက်ရှာဖွေရာတွင် လွယ်ကူချောမွေ့လာစေခြင်းနှင့် မြန်မာ့လက်မှုထည်များ၏ လက်ရာဒီဇိုင်းများကို နိုင်ငံတကာက ပိုမိုစိတ်ဝင်စားလာခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံရုံးမှ First Secretary Mr. Wuthikiat Chaicharna ဦးဆောင်သော TICA နှင့် ISMED အဖွဲ့များမှ ကိုယ်စားလှယ်များသည် မတ် ၁၉ ရက်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သောအဖွဲ့နှင့် လာရောက်တွေ့ဆုံ၍ MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ယွန်း၊ ရက်ကန်းဆိုင်ရာ နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ လက်ရှိဆောင်ရွက်နေသည့် စီမံကိန်းများနှင့် နှစ်နိုင်ငံ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ယခုဘဏ္ဍာနှစ်အတွင်း ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၈ သန်းကျော် တင်ပို့နိုင်

နေပြည်တော် မတ် ၂၂

မြန်မာနိုင်ငံ၏ပြည်ပပို့ကုန်များတွင် လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သော ဆန်၊ ဆန်ကွဲ၊ ပဲ၊ ပြောင်း၊ နှမ်းများသည် အဓိကပြည်ပဝင်ငွေရရှိနေသောပစ္စည်းများဖြစ်သည်။ ထိုပို့ကုန်ပစ္စည်းများကို ဘဏ္ဍာနှစ်အလိုက် ပို့ကုန်လျာထားချက်များ ချမှတ်၍ တင်ပို့လျက်ရှိသည်။ ပဲမျိုးစုံကဏ္ဍတင်ပို့မှုတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း လျာထားချက်မှာ တန်ချိန် ၁၈၉၅၄၁၀ နှင့် တန်ဖိုးအမေရိကန်ဒေါ်လာ ၁၇၄၆ သန်းဖြစ်သည်။ လျာထားချက်အပေါ် ဇပြေလမှ ဇေဖော်ဝါရီလအထိ အမှန်တင်ပို့မှုမှာ တန်ချိန် ၁၈၂၂၅၇ နှင့် တန်ဖိုးအမေရိကန်ဒေါ်လာ ၁၅၅၈ ဒသမ ၉၁၄ သန်းဖြစ်၍ လျာထားချက်ပြည့်မီအောင် တင်ပို့နိုင်ရေးမတ်လအတွင်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

မတ်ပဲတင်ပို့မှုအနေဖြင့် ၈၀ ရာခိုင်နှုန်းကျော်ကို အိန္ဒိယစျေးကွက်သို့ တင်ပို့ပြီး မြန်မာ၊ ပါကစ္စတန်၊ ယူအေအီး၊ ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ နီပေါ၊ ဂျပန်၊ အင်ဒိုနီးရှားနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၃၂ နိုင်ငံသို့ တင်ပို့လျက်ရှိသည်။ ပဲစင်းငုံနှင့် မတ်ပဲ လွတ်လပ်စွာ တင်သွင်းခွင့်ကို အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ၂၀၂၆ ခုနှစ် မတ် ၃၁ ရက်အထိ တိုးမြင့်သတ်မှတ်ခွင့်ပြုခဲ့သည်။

ပြည်တွင်းပဲစိုက်ပျိုးမှုအနေဖြင့် ၂၀၂၄-၂၀၂၅ ခုနှစ်တွင် မတ်ပဲစိုက်ဧက ၇ သောင်းကျော် ပိုမိုစိုက်ပျိုးထားပြီး ယခင်နှစ်ထက် တန်ချိန် ၆ သောင်းကျော် ပိုမိုထွက်ရှိနိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ပဲမျိုးစုံကို အဓိကစိုက်ပျိုးကြပြီး ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်တွင်လည်း စိုက်ပျိုးကြသည်။ မွန်ပြည်နယ်နှင့် အခြားဒေသများတွင်လည်း စိုက်ပျိုးကြသည်။

မြန်မာနိုင်ငံအတွင်း စိုက်ပျိုးသောပဲအမျိုးအစားများမှာ မြေပဲ၊ ကုလားပဲ၊ စားတော်ပဲ၊ ပဲတီစိမ်း၊ မတ်ပဲ၊ ထောပတ်ပဲ၊ ပဲစင်းငုံ၊ ပဲနီပြား၊ ပဲလွမ်းဖြူ၊ ဗိုလ်ကိတ်၊ ပဲပုပ်၊ ပဲကြီး၊ ပဲဝိစပ်တို့ဖြစ်သည်။ ပြည်တွင်းစားသုံး၍ ပိုလျှံမှုအားလုံးကို ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ပြည်ပစျေးကွက်လိုအပ်ချက်ကို လေ့လာ၍ တိုးချဲ့စိုက်ပျိုးသင့်သည့် ပဲအမျိုးအစားများ၊ အထွက်နှုန်းတိုးတက်ရေးအတွက် လိုအပ်ချက်များ၊ စျေးနှုန်းစျေးကွက်များနှင့် တန်ဖိုးမြင့်ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ **သတင်းစဉ်**

Yangon Real Estate Expo: 2025 ၏ Talk Show အစီအစဉ်ကျင်းပ

ရန်ကုန် မတ် ၂၂

မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း၏ မိတ်ဖက်ဖြစ်သော Builder Mall က ဦးစီးကျင်းပသည့် Yangon Real Estate Expo: 2025 ၏ Talk Show အစီအစဉ်ကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့သာကေတမြို့နယ်ရှိ Fortune Plaza ၌ ကျင်းပသည်။



အဆိုပါ Talk Show အစီအစဉ်တွင် မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(MRESA)၏အသင်းဝင်များဖြစ်သည့် ဦးကျော်တင့်၊ ဦးဝင်းသူရဆွေ၊ ဦးယဉ်ထွေး၊ ဦးအောင်ကျော်မျိုးတို့က "အောင်မြင်သောအိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီလုပ်ငန်းရှင်တစ်ယောက်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးမျိုးမြင့်အောင်၊ ဦးကျူးခေါင်၊ ဦးမြတ်မင်း၊ ဦးအောင်စိုးတို့က "အိမ်ခြံမြေလုပ်ငန်းနှင့် မူပိုင်ခွင့်"ခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေးဆွေးနွေးဟောပြောကြသည်။

ယင်း Talk Show အစီအစဉ်သို့ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးခင်မောင်သန်း၊ ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေဝန်ဆောင်မှုအသင်းဥက္ကဋ္ဌ ဒေါ်မြတ်မိုမို၊ Builder Mall မှ CEO ကိုတေဇော်နိုင်နှင့် အသင်းသား အသင်းသူ ၂၀၀ ခန့် တက်ရောက်ကြကြောင်း၊ Yangon Real Estate Expo:2025 ပြပွဲတွင် အိမ်ခြံမြေများ၊ ဆောက်လုပ်ရေးကဏ္ဍနှင့် ဆက်စပ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ပရိဘောဂနှင့် အလှဆင်ပစ္စည်းများ၊ စားသောက်ကုန်များ စသည်တို့ကို ပြခန်းပေါင်း ၆၀ ကျော်ဖြင့် မတ် ၂၁ ရက်မှ ၂၃ ရက်အထိ ပြသလျက်ရှိကြောင်း သိရသည်။ **ကိုထက်**

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ဗိုလ်တထောင်ခရိုင်အတွင်း၌ မျက်စိဝေဒနာရှင်များအား ကွင်းဆင်းကုသ

ဗိုလ်တထောင် မတ် ၂၂

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ပူးပေါင်းဆောင်ရွက်သည့် "မရှိ၍မလင်းသူမရှိစေရ" အစီအစဉ်ဖြင့် မတ် ၂၁ ရက်က ဗိုလ်တထောင်မြို့နယ် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွင်းဆင်းကုသပေးလျက်ရှိသည်။

အဆိုပါကွင်းဆင်းကုသပေးရာသို့ ဗိုလ်တထောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်၊ အဖွဲ့ဝင်(၂)ဦးဝင်းလှိုင်၊ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးမှဆေးရုံအုပ်ကြီးဒေါက်တာသူရနှင့် ဆရာဝန်၊ သူနာပြုများ၊ ဗိုလ်တထောင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းကြည်နှင့်အဖွဲ့ဝင်များ၊ ဗိုလ်တထောင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလှိုင်မောင်နှင့်အဖွဲ့ဝင်များ၊ ဗိုလ်တထောင်ခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအသင်းဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့ ကွင်းဆင်းကုသရာ ဗိုလ်တထောင်မြို့နယ်မှ ၇၁ ဦး၊ မင်္ဂလာတောင်ညွန့်မြို့နယ်မှ ၂၄ ဦး၊ဒေါပုံမြို့နယ်မှ ၅၇ ဦး၊ ပုဇွန်တောင်မြို့နယ်မှ ၅၁ ဦး၊ သာကေတမြို့နယ်မှ ၇၈ ဦး စုစုပေါင်း ၂၈၁ ဦးအား မျက်စိစမ်းသပ်ကုသပေးခဲ့ကြောင်း၊ ခွဲစိတ်ရမည့်မျက်စိဝေဒနာရှင် ၃၃ ဦး၊ မျက်မှန်တပ်ဆင်ပေးသူ ၁၈၀၊ အခြားမျက်စိဝေဒနာရှင် ၆၈ ဦးဖြစ်ကြောင်း သိရသည်။ **ခင်ဝင်း(ပြန်/ဆက်)**



ကျွန်းစုမြို့နယ် ဒုံးပုလဲအော်ကျေးရွာ၌ဆလုံ(မော်ကဲန်)လူမျိုးများ၏ အမျိုးသားနှစ်သစ်ကူးပွဲတော် ကျင်းပ

ကျွန်းစု မတ် ၂၂

တနင်္သာရီတိုင်းဒေသကြီးအတွင်း မှီတင်းနေထိုင်ကြသည့် ဆလုံ(မော်ကဲန်)လူမျိုးများ၏ အမျိုးသားနှစ်သစ်ကူးပွဲတော်ကို မြိတ်ခရိုင် ကျွန်းစုမြို့နယ် ဒုံးပုလဲအော်ကျေးရွာတွင် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ နှင့် ဆလုံ(မော်ကဲန်) စာပေနှင့်ယဉ်ကျေးမှုကော်မတီက ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

နှစ်သစ်ကူးပွဲတော်ကို တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး ဦးမောင်ကြီး၊ လူမှုရေးရာဝန်ကြီး ဦးသက်နိုင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြသည်။ ထို့နောက် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာက ဆလုံလူမျိုးများ၏ နှစ်သစ်ကူးဂုဏ်ပြုအမှာစကားပြောကြားပြီး ဆလုံ(မော်ကဲန်)ဘာသာစကား၏ မိခင်ဆရာမကြီး နော်စေးဘောက ဆလုံလူမျိုးများ စာပေဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဆလုံ(မော်ကဲန်)လူမျိုးနှစ်သစ်ကူးပွဲတော်နှင့် ဆလုံ(မော်ကဲန်) စာပေနှင့်ယဉ်ကျေးမှုအသင်းတို့အတွက် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က ချီးမြှင့်ပံ့ပိုးငွေများကို တိုင်းဒေသကြီးဝန်ကြီးများက ပေးအပ်ပြီး ဒေသခံများနှင့် အလှူရှင်များက အလှူငွေများ လှူဒါန်းခဲ့ကြသည်။ ဆက်လက်၍ ဆလုံ(မော်ကဲန်) နှစ်သစ်ကူးပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ စသိန်းဌေးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး တက်ရောက်လာကြသူများက ပြခန်းများအား ကြည့်ရှုအားပေးကြသည်။



ဆက်လက်၍ ဆလုံလူမျိုးများအတွက် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က တည်ဆောက်ပေးခဲ့သော နှစ်ထပ်ဘော်ဒါဆောင်အား တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြသည်။ အဆိုပါ ဘော်ဒါဆောင်တွင် ဆလုံလူငယ်များအား ပညာရေးနှင့် ရိုးရာဓလေ့ထုံးတမ်းများ သင်ကြားသင်ယူဆောင်ရွက်သွားမည်ဖြစ်သည်။

နှစ်သစ်ကူးပွဲတော်တွင် ဆလုံတိုင်းရင်းသားရိုးရာပြခန်း၊ အဏ္ဏဝါရေပြင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးပြခန်းနှင့် ရိုးရာအစားအစာနှင့် အမှတ်တရပစ္စည်းအရောင်းပြခန်းများ ပြသထားရှိ၍ ပွဲတော်ကို မတ် ၂၂ ရက်မှ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်ကာလတွင် ဆလုံလူမျိုးများ၏ ရိုးရာအကအလှများနှင့်ဖျော်ဖြေရေးအစီအစဉ်များဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**

ကသာမြို့၌ အခြေခံစာကြည့်တိုက်ပညာသင်တန်းဆင်းပွဲ ကျင်းပ

ကသာ မတ် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ အခြေခံစာကြည့်တိုက်ပညာသင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကသာခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စောကလျာက သင်တန်းဆင်းအမှာစကားပြောကြားသည်။ ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ငြိမ်းအိအိဖြိုးနှင့် ဒေါ်ကုဋ္ဌေသန်းသန်းဌေးတို့က သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့ပြီး သင်တန်းဆန်းစစ်ချက်တွင် အကောင်းဆုံးဖြေဆိုနိုင်သူ ဦးမျိုးမြင့်ခိုင်အား လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စောကလျာက အမှတ်တရလက်ဆောင်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ရဲလင်းထွန်း(ကသာ)



ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

ဂျင်းခရုနှင့်ခရုကမာ တိုးမြှင့်မွေးမြူထုတ်လုပ်မှုမှ ပြည်တွင်းစားသုံးမှုဖူလုံ၍ ပို့ကုန်ကဏ္ဍမှ နိုင်ငံခြားငွေတိုးမြှင့်ရရှိမည်

ရန်ကုန် မတ် ၂၂

တနင်္သာရီတိုင်းဒေသကြီးတွင် ဂျင်းခရုနှင့် ခရုကမာများကို မွေးမြူထုတ်လုပ် လျက်ရှိပြီး တိုးမြှင့်မွေးမြူထုတ်လုပ်မှုမှ ပြည်တွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပြည်ပပို့ကုန်ကဏ္ဍမှ နိုင်ငံခြားငွေတိုးမြှင့်ရရှိလာမည်ဖြစ်ကြောင်း တနင်္သာရီ တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

“ပင်လယ်ပြင်မှာ ရေထွက်ကုန်ဖမ်းဆီးရရှိမှု နည်းလာချိန်မှာ ဖမ်းဆီးမှုစနစ်ကနေ မွေးမြူရေးစနစ်ကို ပြောင်းလဲလုပ်ကိုင်ရမယ့်အချိန်ဖြစ်ပါတယ်။ မွေးမြူရေးကဏ္ဍမှာ ခရုကမာ၊ ဂျင်းခရုနဲ့ငါး၊ ပုစွန်သားပေါက်ရရှိမှုဟာ အရေးကြီးတာကြောင့် သားပေါက်ထုတ်လုပ်နိုင်ဖို့ သုတေသနလုပ်ငန်းတွေဟာ အရေးပါလာပါတယ်။ မြိတ်တက္ကသိုလ်က ကမာသားဖောက်လုပ်ငန်းအောင်မြင်ခဲ့တဲ့အတွက် ဆက်လက်အောင်မြင်ဖို့ ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်သွားကြရမှာပါ။ ဂျင်းခရုသားဖောက်လုပ်ငန်းစမ်းသပ်နေတာလည်းရှိပါတယ်။ သားဖောက်လုပ်ငန်းအောင်မြင်ခဲ့ရင် သဘာဝရေပြင်က ဖမ်းဆီးမွေးမြူရတဲ့ အခက်အခဲလည်း အဆင်ပြေသွားမှာပါ။ တနင်္သာရီတိုင်းဒေသကြီးမှာ ရွာပေါင်းများစွာ ရှိတဲ့အတွက် ဂျင်းခရု တစ်ပိုင်တစ်နိုင်မွေးမြူမှုကနေ အလုပ်အကိုင်အခွင့်အလမ်းတွေရပြီး ကိုယ်ပိုင်ဝင်ငွေရရှိမှုကနေ လူမှုစီးပွားဘဝကို အဆင်ပြေစေမှာဖြစ်ပါတယ်” ဟု တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဦးသက်စိုးက ပြောသည်။



တနင်္သာရီတိုင်းဒေသကြီး မြိတ် တက္ကသိုလ်၏ အဏ္ဏဝါသိပ္ပံဌာနခွဲ ခရုကမာ စမ်းသပ်သားဖောက်မွေးမြူခြင်း သုတေသနလုပ်ငန်းဆောင်ရွက်မှုမှ ခရုညှိ။ ဂျင်းခရုဖြူ၊ ခရင်းကမာနှင့် စားကမာတို့ကို စမ်းသပ် သားဖောက်ခြင်းကို ဆက်လက် သုတေသနပြုလုပ်လျက်ရှိသည်။

မြိတ်ခရိုင် သဘာဝရေပြင်တွင် ဂျင်းခရုများကို ရှစ်လမှတစ်နှစ် မွေးမြူထုတ်လုပ်ကာ ထိုင်းနိုင်ငံသို့ ကုန်းလမ်း၊ ရေလမ်းမှ တင်ပို့လျက်ရှိပြီး မြိတ်၊ ကော့သောင်း၊ လောင်းလုံ၊ သရက်ချောင်း၊ ပုလော၊ ကျွန်းစုနှင့် ဘုတ်ပြင်းမြို့နယ်တို့တွင် ၂၀၂၃-၂၀၂၄ ခုနှစ်၌ ဂျင်းခရုမွေးမြူသူ ၃၀၀ ကျော်၏ ကုန်တန်ချိန် ၇၈၅ ဒသမ ၆၀၀ ထုတ်လုပ်မှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၂၅ သန်းကိုလည်းကောင်း၊ ၂၀၂၄-၂၀၂၅ ခုနှစ် ဒီဇင်ဘာလအထိ ကုန်တန်ချိန် ၄၅ ဒသမ ၈၅၀ ထုတ်လုပ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၇၇ သန်းကိုလည်းကောင်း ရရှိခဲ့ကြောင်း တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

ရေထွက်ကုန်များကို ပင်လယ်ပြင်ဖမ်းဆီးမှုမှ မွေးမြူထုတ်လုပ်သောစနစ်သို့ ပြောင်းလဲလုပ်ဆောင်ရာတွင် တစ်ပိုင်တစ်နိုင် မွေးမြူမှုမှပြည်ပ ပို့ကုန်အဖြစ် နေရာရရှိထားသည့် ဂျင်းခရုမွေးမြူထုတ်လုပ်မှုကို မြိတ်ခရိုင်ရှိ ဒေသခံများ စိတ်ဝင်တစား လုပ်ကိုင်လာလျက်ရှိသည်။ ဂျင်းခရုသားဖောက်လုပ်ငန်းနှင့် အသားတိုးမွေးမြူသော နည်းစနစ်များ အောင်မြင်ပါက မွေးမြူရေးတောင်သူများ သားပေါက်လွယ်ကူစွာရရှိခြင်းဖြင့် ရေထွက်ကုန်တိုးမြှင့်မွေးမြူနိုင်ကာ ပြည်တွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပြည်ပပို့ကုန်ကဏ္ဍမှ နိုင်ငံခြားငွေတိုးမြှင့်ရရှိစေမည် ဖြစ်ကြောင်း သိရသည်။

သတင်း-ညိမ်းသူ(သတင်းစဉ်)
ဓာတ်ပုံ - ကနူး

မိုးကြိုဝါပန်းတိုင်အထွက်နှုန်းရရှိစေရန်အတွက် ရေစနစ်တကျပေးသွင်းရေး နှိုးဆော်ချက်

(က) ဝါပင်၏ရေလိုအပ်ချက်ကိုစစ်ဆေးခြင်း

(၁) ဝါရွက်၏အရောင်မှာ ဖုန်တက်သကဲ့သို့ မှုန်မွဲမွဲဖြစ်နေပြီး ရက်အနည်းငယ်အတွင်း စိမ်းညိုရောင်သို့ ပြောင်းလာပါက ရေအမြန်ဆုံးသွင်းပေးရန်။

(၂) မွန်းတည့်(၁၂)နာရီမှ မွန်းလွဲ(၂)နာရီခန့်အတွင်း ဝါပင်ခေါင်ညွန့်၏အောက်နံပါတ် (၃) အရွက်ကို လက်ဖြင့်ဆုပ်ကြည့်ပါက ရွက်ကြောကလေးများ ဆတ်ခနဲကျိုးမသွားဘဲ ပျော့ခွေနေလျှင်ရေလိုနေပါသည်။ ဝါပင်(၁၀၀)လျှင် (၂၅)ပင်ထက်မနည်း ဝါရွက်များပျော့ခွေနေလျှင် ရေအမြန်ဆုံးပေးသွင်းရန်။

(၃) အောက်ခြေမှမြေလက်တစ်ဆုပ်စာကိုယူ၍ လက်ဖြင့်ဆုပ်ကြည့်ပြီး စိုနေသော်လည်း မြေလုံးမျက်နှာပြင်တွင် မြေဖွယ်ပတ်ကြားအက်နေပါက ရေပေးသွင်းရန်။

(ခ) စနစ်တကျရေပေးသွင်းခြင်း

(၁) မိုး/မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ပျိုးရာတွင် မိုးရွာသွန်းခြင်းမရှိပါက အပိန့်ဝင်ချိန်တွင် တစ်ကြိမ်၊ ပန်းစပွင့်ချိန်တွင် တစ်ကြိမ်နှင့် ဝါပင်၏ ရေအလိုအပ်ဆုံးအချိန်ဖြစ်သော ပန်းဖြိုင်ဖြိုင်ပွင့်ချိန် ဝါပင်(၇၅)ရက်မှ ရက်(၁၂၀)အတွင်း အနည်းဆုံး(၃) ကြိမ်ပေးသွင်းရန်။

(၂) အပူရှိန်ကြောင့် လေထုခြောက်သွေ့ခြင်းနှင့် အစိုဓာတ်မလုံလောက်မှုကြောင့် မြေတွင်း မြေအစိုဓာတ်လိုအပ်ချက်ကိုမျက်ခြည်မပြတ်စစ်ဆေးလျက် လိုအပ်ပါက ရေပေးသွင်းရန်။

(၃) လိုအပ်သော ရေပမာဏကို သဲမြေဖွာသောမြေသည် ရေစိမ့်အားမြန်ပြီး ရေထိန်းအားမကောင်းသဖြင့် ရေတစ်ကြိမ်သွင်းလျှင် ရေပမာဏနည်းနည်းဖြင့် အကြိမ်များများ (၁၀-၁၅) ရက်ခြားပေးသွင်းရန်။

(၄) ရေသွင်းလျှင် မြေ၏ ပထမ(၂)ပေအနက်တွင် ရေလုံလောက်စွာ စိမ့်ဝင်နေအောင် ပေးသွင်းရန်။

(၅) ရေပေးသွင်းရာတွင် ပေါင်နှင့်မြောင်းအလိုက်ပေးသွင်းနည်းကိုသာ အသုံးပြုပေးသွင်းရန်နှင့် ရေမြောင်း၏ (၃/၅)ပုံ(၂/၃)ပုံခန့်ကိုသာ ရေလွှတ်ပေးရန်၊ မြောင်းလျှံအောင် မသွင်းရန်။

(၆) ရေတစ်ကြိမ်သွင်းလျှင်(၆-၁၂)နာရီခန့်ကြာအောင် ပေးသွင်းရန်၊ စနယ်မြေတွင် ရေကိုကြာကြာသွင်းပေးရန်။

(၇) မြေတွင်းအစိုဓာတ်လွန်ကဲမှုမဖြစ်စေရန် ရေဝပ်/ရေစိမ့်ခြင်းများမဖြစ်စေရန် ပိုလျှံသောရေများကို စိမ့်မြောင်း၊ ပတ်မြောင်းများဖောက်လုပ်၍ ထုတ်ပစ်ရန်၊ လိုအပ်ပါက စက်နှင့် စုပ်ထုတ်ရန်။

စိုက်ပျိုးရေးဦးစီးဌာန

မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၇၂ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် မတ် ၂၂

ထိုင်းနိုင်ငံ အပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ မယ်ထော်သလေးနယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းလျက်ရှိရာ ယနေ့တွင် တရုတ်နိုင်ငံသား ၅၀၊ အီသီယိုးပီးယားနိုင်ငံသား ၁၀၀ နှင့် ကင်ညာနိုင်ငံသား ၂၂ ဦးတို့ကို ထပ်မံထိန်းသိမ်းနိုင်ခဲ့သည်။

ဦးစွာ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးမင်းသူကျော်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည် လွှဲပြောင်းပေးမည့် ပြည်ပ နိုင်ငံသားများအား ကောင်းမွန်စွာ ထိန်းသိမ်းထားရှိမှုနှင့် ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသား ၁၇၂ ဦးတို့၏ ကိုယ်ရေးအချက်အလက်များ၊ မှတ်တမ်းများ စာရင်းကောက်ယူနေမှုအခြေအနေတို့ကို လိုက်လံကြည့်ရှု စစ်ဆေးပြီး သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများနှင့်တွေ့ဆုံကာ စာရင်းဇယားအချက်အလက်များမှန်ကန်ပြည့်စုံစေရေး၊ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာမှုမရှိစေရေးနှင့် အမြန်ဆုံး စနစ်တကျပြန်လည်လွှဲပြောင်းပေးနိုင်ရေး ကိစ္စရပ်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးသည်။



ဇန်နဝါရီ ၃၀ ရက်မှ မတ် ၂၂ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၈၀၄၂ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက် မှ ၅၁၄၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၈၉၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

အဆိုပါ ထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသား ၈၀၄၂ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန္ဒာ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရုဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်၊ သီရိလင်္ကာ၊ အာဖရိက၊ တူနီးရှား၊ အယ်လ်ဂျီးရီးယား၊ ကွန်ဂို၊ ကင်မရွန်းနှင့် တရုတ်(တိုင်ပေ)တို့မှဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ကြကြောင်း သိရသည်။

သတင်းစဉ်



ဆေးဝါးတက္ကသိုလ်(မန္တလေး) (၁၉)ကြိမ်မြောက်၊ အကြိမ်(၂၀)မြောက်၊ (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

မန္တလေး မတ် ၂၂

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးဝါးတက္ကသိုလ်(မန္တလေး)၏ (၁၉)ကြိမ်မြောက်၊ အကြိမ်(၂၀)မြောက်၊ (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အပ်နှင်းချီးမြှင့်

အခမ်းအနားတွင် ဆေးဝါးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာမျိုးသက်တင်နှင့် ပညာရေးအဖွဲ့ဝင်များ၊ စီမံခန့်ခွဲရေးအဖွဲ့ဝင်များသည် စင်မြင့်ပေါ်တွင်နေရာယူကြပြီး ပါမောက္ခချုပ်က ဆေးဝါးပညာရှင်များ၏ ဆောင်ပုဒ်ကို တိုင်ပေးသည်။ ထို့နောက် ဆေးဝါးသိပ္ပံပါရဂူဘွဲ့၊ ဆေးဝါးမဟာသိပ္ပံဘွဲ့နှင့် ဆေးဝါးသိပ္ပံပညာဘွဲ့များအတွက် ဘွဲ့လက်မှတ်များ အပ်နှင်းချီးမြှင့်သည်။

ဆေးဝါးတက္ကသိုလ်(မန္တလေး)၏ (၁၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဆေးဝါးမဟာသိပ္ပံဘွဲ့ ခြောက်ဦး၊ ဆေးဝါးသိပ္ပံပညာဘွဲ့ ခုနစ်ဦး၊ အကြိမ်(၂၀)မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဆေးဝါးသိပ္ပံပါရဂူဘွဲ့ နှစ်ဦး၊ ဆေးဝါးမဟာသိပ္ပံဘွဲ့ တစ်ဦး၊ ဆေးဝါးသိပ္ပံပညာဘွဲ့ ၃၉ ဦး၊ (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဆေးဝါးမဟာသိပ္ပံဘွဲ့ နှစ်ဦး၊ ဆေးဝါးသိပ္ပံပညာဘွဲ့ ၇၅ ဦးအပါအဝင် စုစုပေါင်း ၁၃၂ ဦးတို့အား ဘွဲ့လက်မှတ်များချီးမြှင့်ပြီး ယနေ့ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ချီးမြှင့်ခဲ့သူများအပါအဝင် ဆေးဝါးသိပ္ပံပါရဂူဘွဲ့ ရှစ်ဦး၊ ဆေးဝါးမဟာသိပ္ပံဘွဲ့ ၄၃ ဦး၊ ဆေးဝါးသိပ္ပံပညာဘွဲ့ ၁၇၁ ဦးတို့ကို ဘွဲ့များချီးမြှင့်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

တင်မောင်(မန်း)

အင်းစိန်မြို့နယ်၌ အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၂၂

အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အထိမ်းအမှတ် အခမ်းအနားကို မတ် ၂၁ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရပ်ကွက် သစ်တောဝင်းအတွင်းရှိ ကျွန်းရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းက အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနက အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ်အဖြစ် မှတ်တမ်းဗီဒီယိုပြသရာ တာဝန်ရှိသူများက



ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ သစ်အခြေခံစက်မှုလက်မှု လုပ်ငန်းရှင်များ၊ ကြိမ်နှင့် ဝါးလုပ်ငန်းရှင်များ၊ ပုဂ္ဂလိက သစ်တောစိုက်ခင်းလုပ်ငန်းရှင်များက အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အထိမ်းအမှတ်အဖြစ် ပြသထားသော ပိုစတာများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ရာ သစ်တောဦးစီးဌာနတာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

ဧင်မင်းထိုက်(ပြန်/ဆက်)

ကြို့ပင်ကောက်မြို့၌ တီဘီရောဂါ နယ်လှည့်ကွင်းဆင်းကုသပေး

ကြို့ပင်ကောက် မတ် ၂၂

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြို



လှုပ်ရှားမှုအနေဖြင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထွန်းထွန်းစိုးဦးဆောင်၍ တီဘီရောဂါကုသရေးဌာန တာဝန်ခံဆရာဝန်နှင့် ဝန်ထမ်းများသည် ယမန်နေ့က ကျေးရွာများအရောက် နယ်လှည့်အခမဲ့ကွင်းဆင်းကုသပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းကုသပေးရာ လာရောက်ပြသသူ ၃၀၆ ဦးရှိပြီး တီဘီရောဂါသံသယရှိသူ ခုနစ်ဦး ရှာဖွေဖော်ထုတ်ကုသပေးနိုင်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် တီဘီလူနာသစ်ဦးရေ ၃၃၀ နှင့် ဆေးယဉ်ပါးတီဘီလူနာ တစ်ဦးကို အခမဲ့ဆေးကုသမှုပေးနိုင်ခဲ့ကြောင်း မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထွန်းထွန်းစိုးထံမှ သိရသည်။

အဆိုပါ တီဘီရောဂါသည်ပြည်သူလူထု၏ လူမှုရေးနှင့်စီးပွားရေးကို ထိခိုက်စေနိုင်သော ကူးစက်ရောဂါဖြစ်သည့်အတွက် စောစီးစွာ ရောဂါရှာဖွေစစ်ဆေးပြီး ဆေးကုသမှုခံယူနိုင်ရန် လိုအပ်သောကြောင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ ရွှေ့လျားအဖွဲ့ဖြင့် တီဘီရောဂါကွင်းဆင်းရှာဖွေခြင်းလုပ်ငန်းများကို လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

ဂျပန်နိုင်ငံသို့ မြန်မာလုပ်သားစေလွှတ်နိုင်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ်

စဉ်	စံပြုလုပ်ငန်းစဉ် (SOP)	ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ်	ဆောင်ရွက်ရမည့် အဖွဲ့အစည်း
၁။	မြန်မာအေဂျင်စီမှ Demand Letter ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း	- ဂျပန်နိုင်ငံ၏ အလုပ်ရှင်၊ သို့မဟုတ် အလုပ်သမားခေါ်ယူမည့် ကြီးကြပ်အဖွဲ့အစည်းမှ အလုပ်သမားလိုအပ်ချက် ဖော်ပြထားသောစာ(ရုံးတံဆိပ်/ Letter Head ပါရှိသည့် ကုမ္ပဏီ၏စာ၊ လက်မှတ်၊ လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်)ကို ပူးတွဲ ဖော်ပြရန်လိုအပ်ပြီး ၎င်း Demand Letter အား မြန်မာအေဂျင်စီထံသို့ပေးပို့ခြင်းနှင့် ဂျပန်နိုင်ငံဆိုင်ရာမြန်မာသံရုံးရှိ အလုပ်သမားသံအရာရှိထံသို့ သတ်မှတ်စာရွက်စာတမ်းအပြည့်အစုံ မိတ္တူတစ်စုံပေးပို့ခြင်း၊ - မြန်မာအေဂျင်စီသည် Demand Letter အား အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနသို့ အောက်ပါအတိုင်း တင်ပြခြင်း - (က) Demand Letter တစ်စောင်လျှင် လူဦးရေ ၁၅ ဦးထက် မပိုစေရန်၊ (ခ) အေဂျင်စီတစ်ခုသည် တစ်လလျှင် တစ်ကြိမ်သာ တင်ပြရန်၊ (ဂ) Demand Letter တင်ပြရာတွင် dolmigration-japan @gmail.com သို့ တင်ပြရန် (အလုပ်သမားဝန်ကြီးဌာနသို့ လူကိုယ်တိုင်လာရောက်တင်ပြခြင်းမပြုရန်)၊	ဂျပန်နိုင်ငံ အလုပ်ရှင်၊ သို့မဟုတ် အလုပ်သမား ခေါ်ယူသည့် ကြီးကြပ် အဖွဲ့အစည်း မြန်မာအေဂျင်စီ
၂။	အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားဝန်ကြီးဌာနသို့တင်ပြခြင်း	- Demand Letter အား မှန်ကန်မှု ရှိ/ မရှိ စိစစ်နိုင်ရေးအတွက် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ရှိသော အလုပ်သမားသံအရာရှိထံသို့ အကြောင်းကြားရန် အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြခြင်း၊	အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန
၃။	အလုပ်သမားဝန်ကြီးဌာနမှ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ညှိနှိုင်းအကြောင်းကြားခြင်း	- အလုပ်သမားဝန်ကြီးဌာနမှ Demand Letter မှန်ကန်မှု ရှိ/ မရှိ စိစစ် နိုင်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ညှိနှိုင်းအကြောင်းကြားခြင်းနှင့် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံး (အလုပ်သမားသံအရာရှိ)သို့ မိတ္တူ ပေးပို့ခြင်း၊	အလုပ်သမား ဝန်ကြီးဌာန၊ ဝန်ကြီးရုံး
၄။	အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီသို့ လုပ်ငန်းစဉ်များ ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားခြင်း	- အလုပ်သမားသံအရာရှိမှ Demand Letter မှန်ကန်မှု ရှိကြောင်းပြန်ကြားလာပါက အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် သက်ဆိုင်ရာ မြန်မာအေဂျင်စီများထံသို့ စေလွှတ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားခြင်း၊ အေဂျင်စီမှ အလုပ်သမား စတင်စုဆောင်းခြင်းနှင့် Certificate of Eligibility (COE) လျှောက်ထားခြင်း၊	အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန မြန်မာအေဂျင်စီ ဂျပန်နိုင်ငံ အလုပ်ရှင်
၅။	မြန်မာအေဂျင်စီမှ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ စာချုပ်ချုပ်ဆိုခွင့်ပြုရန် တင်ပြခြင်း	- COE ရရှိပါက မြန်မာအေဂျင်စီမှအလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း - (က) Demand Letter မိတ္တူ၊ စေလွှတ်ရေးလုပ်ငန်းစဉ်ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားစာ၊ အလုပ်သမားများ၏ နိုင်ငံကူးလက်မှတ်မိတ္တူနှင့် COE မိတ္တူ၊ ဂျပန်အလုပ်ရှင်-အလုပ်သမားစာချုပ် မိတ္တူများ၊ အလုပ်သမားများ၏ကိုယ်ရေးအချက်အလက်များပါရှိသော Excel Name List Soft Copy တို့နှင့်အတူ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationjapan @gmail.com သို့ တင်ပြရန်၊ (ခ) အလုပ်ခေါ်စာ တစ်စောင်လျှင် လူဦးရေ ၁၅ ဦးထက် မပိုစေရန်နှင့် တစ်လလျှင် တစ်ကြိမ်သာ တင်ပြရန်၊ (ဂ) စာချုပ်ချုပ်ဆိုသည့်ရက်မတိုင်မီ ရက်သတ္တတစ်ပတ်ကြို့တင်၍ တင်ပြရန်။	မြန်မာအေဂျင်စီ
၆။	အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက်ရယူခြင်း	- မြန်မာအေဂျင်စီများမှ တင်ပြလာသော စာချုပ်ချုပ်ဆိုခွင့်အား အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနမှ အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက်ရယူခြင်းနှင့် အလုပ်သမားဝန်ကြီးဌာနမှ စိစစ်ပြန်ကြားခြင်း၊	အလုပ်သမား ဝန်ကြီးဌာန၊ ဝန်ကြီးရုံး အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာန
၇။	အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီထံသို့ စာချုပ်ချုပ်ဆိုခွင့်အား အကြောင်းပြန်ကြားခြင်း	- အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သတ်မှတ်ပေးသည့်နေ့ရက်တွင် အမှတ်(၂၇)၊ အာနန္ဒာဘုရားလမ်းနှင့် မေဃဝတီကျောင်း လမ်းထောင့်၊ ဘဝမြင့်ရပ်ကွက်၊ သဃ်နိးကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ နည်းပညာအထောက်အကူပြုရုံး(ရန်ကုန်) ၌ စာချုပ်ချုပ်ဆိုခြင်း၊	အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာန မြန်မာအေဂျင်စီ
၈။	မြန်မာအေဂျင်စီမှ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ သင်တန်းတက်ရောက်ခွင့်နှင့် OWIC ပြုလုပ်ခွင့်ပြုရန် တင်ပြခြင်း	- ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်း တက်ရောက်ခွင့်နှင့် ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC)ပြုလုပ်ခွင့်အား ရက်သတ္တနှစ်ပတ်ကြို့တင်၍ အောက်ပါအချက်များနှင့်တကွ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ လိပ်မူ၍ တင်ပြခြင်း- (က) သင်တန်းတက်ရောက်ခွင့်(တစ်ရက်သာ)နှင့် OWIC ပြုလုပ်ခွင့်တင်ပြစာ၊ (ခ) အလုပ်ခေါ်စာမိတ္တူ၊စေလွှတ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားစာ၊ နိုင်ငံကူးလက်မှတ် မိတ္တူ၊ COE မိတ္တူ၊ (ဂ) ဂျပန်အလုပ်ရှင်နှင့် အလုပ်သမား သဘောတူညီမှုစာချုပ်၊ မြန်မာအေဂျင်စီနှင့် အလုပ်သမား အကြား ချုပ်ဆိုသည့် သဘောတူစာချုပ်၊	မြန်မာအေဂျင်စီ
၉။	အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနမှ သင်တန်းတက်ရောက်ခွင့်နှင့် OWIC ပြုလုပ်ခွင့်ပြုခြင်း	- အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မှတ်ပုံတင်စာရင်းရေးသွင်းထားသည့် မြန်မာအေဂျင်စီများကို ဦးစားပေးအစီအစဉ်အလိုက် သင်တန်းတက်ရမည့် နေ့ရက်သတ်မှတ်ခြင်း၊ သင်တန်းကျောင်း တာဝန်ခံသို့ အကြောင်းကြားခြင်း၊ Safe Migration Telegram Channel တွင် အသိပေးကြေညာခြင်း၊ - သင်တန်းတက်ရောက်ပြီးပါက OWIC ပြုလုပ်ခွင့်ပြုကြောင်း OWIC ထုတ်ပေးရေးစခန်း တာဝန်ခံ၊ သက်ဆိုင်ရာအေဂျင်စီများထံသို့ အကြောင်းကြားခြင်းနှင့် OWIC ကတ်ထုတ်ပေးခြင်း၊	အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာန မြန်မာအေဂျင်စီ
၁၀။	မြန်မာအေဂျင်စီမှ အလုပ်သမား စေလွှတ်ခွင့်ရရှိရေး အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာနသို့ တင်ပြခြင်း	- မြန်မာအေဂျင်စီအနေဖြင့် OWIC ရရှိပြီးသည့် အလုပ်သမားများအတွက် စေလွှတ်ခွင့်အား ထွက်ခွာလိုသည့်ရက်(- -၂၀၂၅) မှ (- -၂၀၂၅) (ရက်သတ္တတစ်ပတ်အတွင်း)ဖော်ပြပြီး စေလွှတ်မည့် အလုပ်သမားစာရင်း၊ နိုင်ငံကူးလက်မှတ်မိတ္တူ၊ OWIC ကတ်မိတ္တူ တို့နှင့်အတူ Excel Soft Copy ပြုစု၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigration-japan@gmail.com သို့ တင်ပြခြင်း၊	မြန်မာအေဂျင်စီ
၁၁။	အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ စိစစ်ခွင့်ပြုခြင်းနှင့် မြန်မာအေဂျင်စီမှ ထွက်ခွာမည့်ရက်အား ပြန်လည်တင်ပြခြင်း	- အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ခွင့်ပြုချက်ရရှိသည့်အချိန်တွင် ဗီဇာလျှောက်ထားခြင်းနှင့် လေယာဉ်လက်မှတ်ဝယ်ယူခြင်း ဆောင်ရွက်ပြီး ထွက်ခွာမည့်ရက်ဖော်ပြ၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationjapan@gmail.com သို့ ပြန်လည်တင်ပြခြင်း၊	မြန်မာအေဂျင်စီ
၁၂။	အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီနှင့် လေဆိပ်တာဝန်ခံသို့ အကြောင်းကြားခြင်း	- အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီ၊ လေဆိပ် တာဝန်ခံထံသို့ အကြောင်းကြားခြင်း၊ - သတ်မှတ်ထားသည့်နေ့ရက်အတွင်း စေလွှတ်နိုင်ခြင်း မရှိပါက စေလွှတ်ခွင့်ပြုနိုင်ရေး တင်ပြသည့်အဆင့်မှ စ၍ အသစ်ထပ်မံ ပြန်လည်တင်ပြခြင်း၊	အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာန မြန်မာအေဂျင်စီ
၁၃။	ပြည်ပသို့စေလွှတ်ပြီးစီးမှု သတင်းပို့ခြင်း	မြန်မာအေဂျင်စီများအနေဖြင့် အလုပ်သမားများ စေလွှတ်ပြီးပါက သတ်မှတ်ပေးထားသောဇယားပုံစံအတိုင်း စာရင်းပြုစု၍ Excel Soft Copy ဖြင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ အချိန်နှင့် တစ်ပြေးညီ တင်ပြခြင်း၊	မြန်မာအေဂျင်စီ
၁၄။	ပြန်လည်ဝင်ရောက်မှု သတင်းပို့ခြင်း	- မြန်မာအေဂျင်စီများမှ ပြည်ပသို့စေလွှတ်ခဲ့သည့် အလုပ်သမားသည် အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်ရောက်ရှိလာပါက ရောက်ရှိသည့်အကြောင်းအရာ၊ ပြန်လည်ထွက်ခွာမည်ဆိုပါက ထွက်ခွာမည့်နေ့ရက်တို့ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationjapan@gmail.com သို့ အချိန်နှင့် တစ်ပြေးညီ တင်ပြခြင်း။	မြန်မာအေဂျင်စီ

မှတ်ချက်။ (၁) ၃၀-၁-၂၀၂၅ ရက်နေ့မတိုင်မီ Demand Letter တင်ပြထားသည့် မြန်မာအေဂျင်စီများအနေဖြင့် လူဦးရေ ၁၅ ဦးထက်ပိုသော Demand Letter များကို ၁၅ ဦးဖြင့် ၂၅-၃-၂၀၂၅ ရက်နေ့မှစ၍ ပြင်ဆင်တင်ပြရန်နှင့် အေဂျင်စီတစ်ခုသည် တစ်လလျှင် တစ်ကြိမ်သာ တင်ပြရမည်။

(၂) ဂျပန်နိုင်ငံ၏ Demand Letter အသစ်တင်ပြခြင်းကို ၂၀၂၅ ခုနှစ်၊ မေလ ၂ ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပါမည်။

✣ MFF မှ

ပွဲစဉ် (၂၂) တွင် KKY အသင်းက လက်ဝဲသုန္ဒရအသင်းကို ငါးဂိုး-သုံးဂိုး၊ Black Cross အသင်းက Maryar အသင်းကို ခြောက်ဂိုး-ငါးဂိုး၊ YCDC Marga Youth အသင်းက ရွှေပြည်သာယာနိုက်တက်အသင်းကို ခုနစ်ဂိုး-ငါးဂိုးဖြင့် အနိုင်ရပြီး 7 Dragon အသင်းနှင့် 7 Brother အသင်းတို့က နှစ်ဂိုးစီသရေ၊ Pacific Sun Far အသင်းနှင့် JZ Yangon အသင်းတို့က ခြောက်ဂိုးစီသရေ၊ TG United အသင်းနှင့် Gold Dream အသင်းတို့က တစ်ဂိုးစီသရေကျခဲ့သည်။ ပြိုင်ပွဲအပြီးတွင် TG United အသင်းက ၂၂ ပွဲကစား ၁၅ ပွဲနိုင်၊ ငါးပွဲသရေ၊ နှစ်ပွဲရှုံး၊ ရမှတ် ၅၀ ဖြင့် ချန်ပီယံဆု၊ Pacific Sun Far အသင်းက ရမှတ် ၄၅ မှတ်ဖြင့် ဒုတိယဆုရခဲ့ပြီး Gold Dream အသင်းက ၄၃ မှတ်၊ JZ Yangon အသင်းက ၃၅ မှတ်၊ 7 Dragon အသင်းက ၃၃ မှတ်၊ Black Cross အသင်းက ၃၃ မှတ်၊ YCDC Marga Youth အသင်းက ၃၁ မှတ်၊ KKY အသင်းက ၂၅ မှတ်၊ 7 Brother အသင်းက ၂၂ မှတ်၊ ရွှေပြည်သာယာနိုက်တက်အသင်းက ၂၁ မှတ်၊ လက်ဝဲသုန္ဒရအသင်းက ၁၉ မှတ်၊ Maryar အသင်းက ၁၃ မှတ်ရရှိသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက် ကျင်းပရာ အသန့်ရှင်းဆုံးအသင်းဆုရ KKY အသင်းကို ဆုဖလားနှင့် ဆုကြေးကျပ်သုံးသိန်း၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးဂိုးသမားဆုရရှိသော ကျော်ဇင်မျိုးဦး (TG United) အား ဆုတံဆိပ်နှင့် ဆုကြေးကျပ်ငါးသိန်း၊ အကောင်းဆုံးကစားသမား ဆုရရှိသော ချစ်စမ်းမောင် (TG United) အား ဆုတံဆိပ်နှင့် ဆုကြေးကျပ်ငါးသိန်း၊ စတုတ္ထနေရာ ရရှိသော JZ Yangon အသင်းအား ဆုကြေးကျပ် ၁၀ သိန်း၊ တတိယဆုရရှိသော Gold Dream အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးကျပ် ၁၅ သိန်း၊ ဒုတိယဆုရရှိသော Pacific Sun Far အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးကျပ်သိန်း ၃၀၊ ပထမဆုရရှိသော TG United အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးငွေကျပ် သိန်း ၅၀ နှင့် ချန်ပီယံဆုဖလား တို့ကို ပေးအပ်ချီးမြှင့်သည်။

သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန အထွေထွေပို့လျှံရန်ပုံငွေ(GRF)ဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ ဇမ္ဗူသိရိမြို့နယ်၊ နေပြည်တော်တွင် အထွေထွေပို့လျှံရန်ပုံငွေ(GRF)ဖြင့် ဆောင်ရွက်မည့် တစ်ထပ်ယာယီကျောင်းသား/သူဆောင်များ၊ ကျောင်းသား/ကျောင်းသူများအတွက် တစ်ထပ်ယာယီထပ်မင်းစားဆောင်များနှင့် အဆောက်အဦများအတွက် ဆက်စပ်လုပ်ငန်းများဖြစ်သော လူသွားလမ်း၊ ရေရှိရေးနှင့် လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန(ရုံးချုပ်)တွင် ၂၄-၃-၂၀၂၅ ရက်နေ့မှ ၇-၄-၂၀၂၅ ရက်နေ့အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့်တင်ဒါပုံစံများကို ၇-၄-၂၀၂၅ ရက်နေ့ တစ်ရက်တည်းသာ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောနေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်းနံပါတ်-၀၆၇၃၄၀၄၄၂၀၊ ၀၆၇၃၄၀၄၄၈၂ (ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး Website ဖြစ်သော www.dtvet.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၄/၆၊ မြေကွက်အမှတ်-(၄၈၆+၄၈၉)၊ ဧရိယာ (၀.၀၁၈)ကော်၊ မြေကွက်တည်နေရာအမှတ် - (၄၈၆+၄၈၉)၊ ပနုမွာ (၂)လမ်း၊ (ခ)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးကျင်သိန်း (PGU-၁၉၈၉၁၈)အမည် ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျင်သိန်း (ခင်ပွန်း)သည် (၁၆-၅-၂၀၂၀) ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ဒေါ်မူမူဝင် (၁၂/ဒဂန (နိုင်) ၀၁၈၉၄၈)မှ တစ်ဦးတည်းသောဇနီးတော်စင်ကြောင်း အခြားဇနီး/မယားမရှိကြောင်း၊ ၎င်းသာလျှင် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပိုင်ခွင့်ကြောင်း ၎င်းမှလွဲ၍ အခြားအမွေဆက်ခံခွင့်ရှိသူတစ်ဦးဦးတစ်ယောက်မျှ မရှိကြောင်း ကျန်ဆိုထားသည့် ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ ဂရန်မူရင်း၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ မိုင်းသားစိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန်မြေမှုန်းလျှောက်ထားလာရာ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ဦးကျော်နိုင်ဦးမှ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတွင် တရားမကြီးမှုအမှတ်-၁၉၁/၂၀၁၈ ဖြင့် ဦးကျော်နိုင်ဦး၊ မလုံစုပိုး၊ ဒေါ်သိန်းစိုတို့(၃)ဦးအား ဒေါက်တာဦးကျင်သိန်းမှ ပိုင်ဆိုင်မှုကိုအခြေပြု၍ မလွှမြောင်းနိုင်သည့်ပစ္စည်းလက်ရောက်ရယူမှုဖြင့် တရားစွဲဆိုထားကြောင်း၊ တရားရုံးတော်မှ အမိန့်တစ်စုံတစ်ရာအမှတ်ခြင်းမပြုသေးဘဲ တရားမြင်မှုအား စစ်ဆေးဆဲဖြစ်ပါကြောင်း၊ နှစ်ဦးနှစ်ဖက်အမှုဝင်ဆိုင်ခဲ့ရပြီး တရားရုံးတော်မှ အမိန့်တစ်စုံတစ်ရာချမှတ်ထားခြင်းမရှိသေးသောကြောင့် ဒေါ်မူမူဝင်ဆိုင်ဆိုင်ကြောင်းပြော်ကူးလျှောက်ထားခြင်းအား ကန့်ကွက်ပါကြောင်း တရားရုံးအဆိုလွှာ၊ တရားမကြီးမှု - ၁၉၁/၂၀၁၈၊ နေ့စဉ်မှတ်တမ်းတို့တင်ပြ၍ ကန့်ကွက်စာတင်ပြလာပါသဖြင့် ဒေါ်မူမူဝင် ထံသို့ ယင်းကန့်ကွက်စာတင်ပြမှုနှင့်ပတ်သက်၍ ရုံးလင်းတင်ပြရန်နှင့် ကန့်ကွက်လွှာတင်သွင်းသူ ဦးကျော်နိုင်ဦးထံသို့ မြေပိုင်ဆိုင်မှုအထောက်အထားလာရောက်တင်ပြရန် အကြောင်းကြားခြင်းအပေါ် ကန့်ကွက်သူ ဦးကျော်နိုင်ဦးမှ မြေပိုင်ဆိုင်မှုအထောက်အထားတင်ပြခြင်းမရှိဘဲ လျှောက်ထားသူမှ တရားမကြီးမှုအမှတ်-၁၉၁/၂၀၁၈ အမှုမှာ တရားလို တရားလိုပြသက်သေ၊ တရားပြိုင်ပြသက်သေများအား လုံးကိစ္စစစ်ဆေးပြီး၍ အပြီးသတ် လျှောက်လဲချက်ကိုပင် နှစ်ဖက်တင်သွင်းခဲ့ရာ အမိန့်ချမှတ်ရန်အဆင့်သာကျန်ရှိကြောင်း၊ ၎င်းသည် ဦးကျင်သိန်း၏တရားဝင်ဇနီးဖြစ်ပြီး ပိုင်ဆိုင်မှုအထောက်အထားပြည်ပြည်စုံစုံဖြင့် မြေပုံကူးလျှောက်ထားခြင်းဖြစ်ကြောင်း၊ ၎င်းမှ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် - ၁၉၁/၂၀၁၈ (ယခု အင်းစိန်ခရိုင်တရားရုံး)၊ တရားမကြီးမှုအမှတ် - ၁၂၆/၂၀၂၄ ဖြင့် စွဲဆိုခဲ့သည့်အမှုတွင် အခိုင်ဒီကရီရရှိခဲ့ပြီး နှစ်ဦးနှစ်ဖက်ပြေလည်ခဲ့သည့်အတွက် အဆိုပါတရားရုံးရှိအမှုတွဲများအား ပိတ်သိမ်းပြီးဖြစ်ကြောင်း၊ ယင်းမြေကွက်နှင့်ပတ်သက်၍ လက်ရောက်ရရှိလက်ဝယ်ပိုင်ဆိုင်ရရှိထားခြင်းဖြစ်၍ ပြဿနာတစ်စုံတစ်ရာမှမရှိပါကြောင်းနှင့် မြေပုံကူးလျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်ခွင့်ပြုပေးနိုင်ပါရန်၊ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် - ၁၉၁/၂၀၁၈၊ (ယခု-အင်းစိန်ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၂၆၏ ယင်းမြေကွက်အတွင်းမှ တရားပြိုင်များအား ၎င်းတို့နှင့်ပတ်သက်ဆက်နွယ်နေထိုင်သူများအား ဆောက်လုပ်ထားသည့် နေအိမ်အဆောက်အဦအသီးသီးကို ဖျက်သိမ်းဖယ်ရှားထွက်ခွာကြစေပြီး မြေကွက်အား တရားလိုသို့လက်ရောက်အပ်စေရန် (၁၁-၁၁-၂၀၂၂)ရက်စွဲပါ စစ်ကိုင်းတက္ကသိုလ်အနိုင်ဒီကရီ၊ အင်းစိန်ခရိုင်တရားရုံး၊ ၂၀၂၃-ခုနှစ်၊ တရားမဖာဂရိမှုအမှတ်-၇ အမိန့်အား ပိတ်သိမ်းကြောင်း ချမှတ်သည့် တရားရုံးနေ့စဉ်မှတ်တမ်း၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၂၃-ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် - ၃၀ ၏ (၁၁-၁၁-၂၀၂၄)ရက်စွဲပါ ပလပ်သည့်အမိန့်၊ (၅-၈-၂၀၂၃)ရက်စွဲပါ ဒေါက်တာမှုမခင်နှင့် ကန့်ကွက်သူ ဦးကျော်နိုင်ဦး + ၂ တို့ နှစ်ဦးသဘောတူစာချုပ် တင်ပြလာပါသဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် မြေကွက်လပ်ဖြစ်ပြီး ကွင်းဆင်းစစ်ဆေးစဉ် လျှောက်ထားသူမှ မြေပြင်သို့လိုက်လံပြသပါသဖြင့် တရားဝင် ပိုင်လုံသောအထောက်အထားမျှဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး- (ဒုတိယဘဏ္ဍာကြီးရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် မတ် ၂၂

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Shwe Thway Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD YUAN PLUS အမျိုးအစား လျှပ်စစ်သုံးယာဉ်များ၊ The Golden Octopus Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် WULING BINGO အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များနှင့် Aung Kan Bo Truck & Machinery Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် FORTHING FRIDAY (STANDARD GRADE) နှင့် FORTHING S60 EV PRO အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့သည်။

သတင်းစဉ်

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး



✻ မြန်မာ ယူ-၂၂မှ

မြန်မာ ယူ-၂၂ အသင်းနှင့် ဟောင်ကောင်ယူ-၂၂ အသင်းတို့သည် ခြေစမ်းပွဲနှစ်ပွဲကစားရာ နှစ်ပွဲစလုံးသရေကျခဲ့ပြီး မတ် ၁၉ ရက်က ကစားသည့် ပထမပွဲတွင် ဂိုးမရှိသရေကျခဲ့သည်။

မြန်မာ ယူ-၂၂ အသင်းသည် ယခုနှစ်အတွင်း အာဆီယံ ယူ-၂၂ ချန်ပီယံရှစ်ပြိုင်ပွဲ၊ အာရှဖလား ယူ-၂၂ ခြေစစ်ပွဲ၊ (၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်နေခြင်းဖြစ်ပြီးအသင်းဖွဲ့စည်းအပြီး နှစ်ပတ်ကျော် အကြာမှာပင် ဟောင်ကောင် ယူ-၂၂အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ကစားခဲ့ခြင်းဖြစ်သည်။

ကိုညီလေး၊ ဓာတ်ပုံ-MFF

ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ အောက်ကျင်းရပ်ကွက်၊ အကွက်အမှတ်(၂)အောက်ကျင်း၊ ဦးပိုင်အမှတ်(၁၆၁/က)၊ ဧရိယာ (၀.၀၁၈)ကေရှိ ဘိုးဘွားပိုင်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကိုပိုင်ဆိုင်သူ ဒေါ်စန်းရီထံမှ ဒေါ်ဆွေကြည်အောင် [၁၀/ မလမ (နိုင်) ၂၉၇၃၃၇၃] က မော်လမြိုင်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ "မြေကွက်သက်သက် အပြီးအပိုင်အရောင်းအဝယ်စာချုပ်" မှတ်ပုံတင်စာချုပ်အမှတ် - **၆၀၁/၂၀၂၄** အရ ဝယ်ယူပိုင်ဆိုင်ထားခဲ့ပါသည်။ ယခုအခါ ဒေါ်ဆွေကြည်အောင်က ၎င်း၏အမည်သို့ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ကြေညာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဒေါ်ဆွေကြည်အောင်မှ ၎င်း၏အမည်သို့ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

မြို့နယ်မြေစာရင်းဦးစီးဌာန
မော်လမြိုင်မြို့

"သက်ဆိုင်ပါက ကန့်ကွက်နိုင်ပါကြောင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ (၁၃)လမ်း၊ တိုက်အမှတ်-၅၂၊ ၂ ခန်းတွဲ ၆ ထပ်တိုက်၏ ဆဋ္ဌမထပ်၊ (၇ လွှာ)၊ ညာဘက်ခြမ်း၊ အကျယ်အဝန်း(၁၂ ပေx၅၀ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင်တပ်ဆင်ပါရှိသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ရှိလက်ဝယ်ထားရှိပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးလှရွှေ (H/RGN-004840) [၁၂/လမတ(နိုင်)၀၀၄၈၈၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးကတိစာချုပ်ချုပ်ဆို၍ ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ သက်ဆိုင်ပါက ကန့်ကွက်လိုပါလျှင် ကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်မေမီစော (LL.B,DIPL,PGDL)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၂၆၃)
အမှတ်-၅၆၅၊ ပထမထပ်၊ အခန်းအမှတ် (၁၀၃-/စီ)။ MAC Tower ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၃၇၂၄၈၂၊ ၀၉-၇၉၅၃၉၉၆၀၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၉)၊ မြေကွက်အမှတ်(၆၆၇)၊ ဧကျာသီရိလမ်း၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ **ဗိုလ်ကြီးစိုးသူရ** [၁၂/ဗဟန(နိုင်)၀၁၃၁၄၉] အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ခေါ်စောကြည်အောင်** [၁၂/သကတ(နိုင်)၁၅၄၈၈၆]မှ ပိုင်ဆိုင်မှုအရူပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ခေါ်လဲ့လဲ့လွင်** [၁၂/မဘန(နိုင်)၁၄၄၅၁၈၅]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခေါ်လဲ့လဲ့လွင်၏ လွှဲအပ်ညွှန်ကြားချက်အရ
ခေါ်မွန်မွန်ချို(LL.B) ခေါ်စန္ဒာဝင်း(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၈) အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)
အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေဖြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၂၅၀၆၈၅၃၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာအမျိုးသားလေကြောင်းမှ ၂၀၂၅ -၂၀၂၆ ခု ၊ ဘဏ္ဍာရေးနှစ် ရုံးသုံးဂရီမိယမ်ဒီဇယ်ဆီ (PHSD)များအား (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူနိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။ အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။


၂။ တင်ဒါပုံစံရောင်းချမည့်နေ့ ၂၄-၃-၂၀၂၅
၃။ တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်နေ့ ၃၁-၃-၂၀၂၅ (ရုံးချိန်အတွင်း တင်သွင်းရန်)
၄။ အိတ်ဖွင့်တင်ဒါ ဖွင့်မည့်နေ့ ၂- ၄-၂၀၂၅
၅။ အသေးစိတ်သိရှိလိုပါက အောက်ပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-

မြန်မာအမျိုးသားလေကြောင်း
ဗျူးနှုန်းစီစစ်ဝယ်ယူရေးကော်မတီ
၀၉-၄၃၀၃၉၁၇၀ ၊ ၀၉-၅၀၇၀၉၃၅

“ကုန်အမှတ်တံဆိပ်များ အသိပေးကြေညာခြင်း”

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့ဦးလမ်း၊ အမှတ် [၂၃၇/၄၈(U9)]တွင် တည်ရှိသော STRATEGIC ALLIANCE MARKETING COMPANY LIMITED၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်-(၁၀၆၂၆၆၉၇၂) သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်များမှ “yummy foods” အမှတ်တံဆိပ်အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားပြီး “Mohinga- မွင်းငါး” နှင့် “yummy foods” အမှတ်တံဆိပ်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် လျှောက်ထားခဲ့ရာ မူပိုင်ခွင့်ဦးစီးဌာနမှ လျှောက်ထားချက်အား လက်ခံထားပြီးသည့် အမှတ်တံဆိပ်များ၏ မူပိုင်ရှင်ဖြစ်ပါသည်-





Application Number- T/2025/001029



Application Number – T/2025/001042

